# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှု ပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသော ပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါဠိ(ဓမ္မပဒ-၁၂၆)


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday 2 August 2018 ၉၃၆၆


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ ပြည်ထောင်စုလွှတ်တော်နာယကတာဝန် လွှဲပြောင်းပေးအပ်ပွဲ တက်ရောက်



**နေပြည်တော် ဩဂုတ် ၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ လေ့လာသူအဖြစ် တက်ရောက်ကြသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**


နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးနှင့် ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်လာစဉ်။ (အပေါ်ပုံ) နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံသို့ ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များကို လွှဲပြောင်းပေးအပ်စဉ်။ (ယာပုံ)



## မြန်မာ-အိန္ဒိယ နယ်စပ် ဝင်၊ ထွက်ပေါက်အား Border Pass စနစ်ဖြင့် ခွင့်ပြုပေးတော့မည်


စာမျက်နှာ » ၁၀


## တရုတ်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် ထပ်မံတိုးမြှင့်ရန် အမေရိကန် လုပ်ဆောင်ဖွယ်ရှိ


စာမျက်နှာ » ၁၂



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# ကလေးငယ်များ ပညာရေးကြိုတင်ပြင်ဆင်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဇူလိုင်လ ၃၁ ရက်နေ့က ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ပေတောကျေးရွာရှိ ခေတ်မီဥစားကြက်ခြံစီမံကိန်းရှင်းလင်းဆောင်၌ ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်စကားပြောကြားပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် ယခုမိုးရာသီကာလတွင် နယ်မြေဒေသများသို့ ကွင်းဆင်း မှာကြား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရာ၌ အနာဂတ်၏မျိုးဆက်သစ်များဖြစ်သည့် ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေး ပိုမိုကောင်းမွန်ရေးအတွက် အလေးထားမှာကြားခဲ့သည်ကို တွေ့ရသည်။ ပေတောကျေးရွာရှိ ပြည်သူများနှင့်တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးရွာသူ ကျေးရွာသားများအနေဖြင့် အခက်အခဲပြဿနာများ ကြုံတွေ့ရပါက ညှိနှိုင်းတိုင်ပင်ပြီး အားလုံးပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျေးရွာနှင့်ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း၊ အရေးအကြီးဆုံးမှာ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍသည် အရေးကြီးပါကြောင်း၊ ကလေးငယ်များသည် ကျန်းမာရေးကောင်းမွန်မှ ပညာကောင်းစွာ သင်ယူနိုင်မည်ဖြစ်ပါကြောင်း၊ တစ်ဘဝလုံးကောင်းမွန်ရန်အတွက် ပညာတတ်ရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပေတောကျေးရွာနှင့် ကျေးရွာရှိ ကလေးသူငယ်များ ရှေ့ရေးအတွက် လမ်းညွှန်မှာကြားချက်များသည် တစ်နိုင်ငံလုံးရှိ ကလေးသူငယ်များအတွက်လည်း ရည်ညွှန်းပေသည်။ ကလေးသူငယ်များ ကျန်းမာသန်စွမ်းပါမှ ပညာကိုကောင်းစွာသင်ယူ၍ ပညာတတ်များဖြစ်ကာ မိမိဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံကို အကျိုးပြုသော သားကောင်းရတနာများဖြစ်လာပေမည်။ နိုင်ငံတော်၏ ခေါင်းဆောင်က ကလေးသူငယ်များအရေးကို ထိုကဲ့သို့ အလေးထားမှာကြားနေချိန်တွင် သဘာဝဘေးကြောင့် ကလေးသူငယ်များ ကျောင်းတက်ရေးနှင့် ပညာသင်ကြားရေးအတွက် ခေတ္တနှောင့်နှေးသွားခဲ့ရသည့် အခြေအနေများမှ ပြန်လည်လွန်မြောက်အောင်လည်း မျက်ခြည်မပြတ်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မိုးသည်းထန်ခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်းတို့ကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်မြို့နယ်များမှ အခြေခံပညာကျောင်းများ ခေတ္တပိတ်ထားခဲ့ရာ ကလေးသူငယ်များ ပညာသင်ကြားရေး၊ ကျန်းမာရေးတို့ ကောင်းမွန်လာရေးကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်သည်။ ကျန်းမာရေးတွင် ရေဝင်ပြောင်းရွှေ့သည့် အိမ်ထောင်စု သုံးသောင်းကျော်အတွက် စိုးရိမ်ပူပန်ဖွယ်မရှိသော်လည်း ရေဝင်မပြောင်းရွှေ့သည့် ကလေးသူငယ်အပါအဝင် သက်ကြီးရွယ်အိုများအတွက် သက်ဆိုင်ရာနှင့်အဖွဲ့အစည်းများက အစီအမံများပြုလုပ်၍ ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ပညာရေးတွင် ပညာသင်ကြားမှုဆိုင်းငံ့သွားသော ကလေးသူငယ်များ ပညာပြန်လည်သင်ကြားနိုင်ရေးကို ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရမည်ဖြစ်သည်။ လက်ရှိတွင် ဒိုက်ဦးမြို့နယ်အတွင်း စာသင်ကျောင်း ၁၂ ကျောင်း၊ ကျောက်ကြီးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်အတွင်း စာသင်ကျောင်း ၄၅ ကျောင်း၊ သနပ်ပင်မြို့နယ်အတွင်း စာသင်ကျောင်း ခြောက်ကျောင်း၊ ဝေါမြို့နယ်အတွင်း စာသင်ကျောင်း ၃၇ ကျောင်းနှင့် အခြားမြို့နယ်များအတွင်းမှ စာသင်ကျောင်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းမှ စာသင်ကျောင်းများစွာတို့ ပိတ်ထားရဆဲဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်အတွက် သားကောင်းရတနာများဖြစ်သည့် ကလေးသူငယ်အရွယ် ကျောင်းသား ကျောင်းသူများ သဘာဝဘေးကြောင့် ပညာသင်ကြားရေးနှင့် ကျန်းမာရေး လိုအပ်ချက်များအတွက် သက်ဆိုင်ရာတို့နှင့် မိဘဆရာများ လက်တွဲပူးပေါင်းကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။



## ကျိုက်ထိုမြို့နယ်၌ ရေနစ်မြုပ်ခဲ့သည့် ရေတွင်းရေကန်များအား ကလိုရင်းဆေးများ လိုက်လံခတ်ပေး

**ကျိုက်ထို ဩဂုတ် ၁**

ကျိုက်ထိုမြို့နယ်အတွင်း ဇူလိုင်လ နောက်ဆုံးပတ်က မိုးသည်းထန်စွာ ရွာသွန်း၍ ရပ်ကွက်၊ ကျေးရွာများ၌ ရေမြင့်တက်မှုဖြစ်ပေါ်ခဲ့ရာ လူနေအိမ်များရှိ ရေတွင်း၊ ရေကန်များအတွင်း ရေဆိုး၊ ရေညစ်များ ဝင်ရောက်ခဲ့၍ သောက်သုံးရေအခက်အခဲဖြစ်ပေါ်ခဲ့သဖြင့် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစောကလျာနှင့် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီဝင်များက ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးများ လိုက်လံခတ်ပေးခဲ့သည်။

ယင်းသို့ တောင်သူစုရပ်ကွက်၊ မြောက်ပိုင်းရပ်ကွက်၊ ဇေယျာမွန်ရပ်ကွက်၊ ကော့စံနိုင်ရပ်ကွက်နှင့် ဖက္ကလိပ်ကျေးရွာတို့တွင် ကလိုရင်းဆေးများ ခတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မိုးကောင်းတွင် ရှမ်းနီစာပေဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ

**မိုးကောင်း ဩဂုတ် ၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် တိုင်းလိုင် တိုင်းနိုင်း (ရှမ်းနီ)စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ ရှမ်းနီစာပေဆရာဖြစ်သင်တန်း အမှတ်စဉ် (၄/၂၀၁၈)ဖွင့်ပွဲကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက် ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျင်းပရာ ပြည်နယ် တိုင်းလိုင် တိုင်းနိုင်း(ရှမ်းနီ)စာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးကျော်မြင့်နှင့် မြို့နယ်တိုင်းလိုင် တိုင်းနိုင်း(ရှမ်းနီ)စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးတင်ညွန့်တို့က အမှာစကားပြောကြားကြသည်။

သင်တန်းသို့ တိုင်းလိုင် တိုင်းနိုင်း(ရှမ်းနီ) တိုင်းရင်းသား သင်တန်းသူ သင်တန်းသား ၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းကို ရှမ်းနီစာပေ၊ ရှမ်းနီဘာသာစကားနဲ့ ရှမ်းနီရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာတွေ မပျောက်ပျက်အောင် ပြန်လည်ဖော်ထုတ် ထိန်းသိမ်းရာမှာ အထောက်အကူဖြစ်စေဖို့နဲ့ အခြေခံပညာမူလတန်းကျောင်းတွေမှာ ရှမ်းနီစာပေ သင်ကြားပို့ချပေးနိုင်ဖို့ အဓိကရည်ရွယ်ဖွင့်လှစ်ပေးတာပါ"ဟု ပြည်နယ် တိုင်းလိုင် တိုင်းနိုင်း (ရှမ်းနီ)စာပေနှင့် ယဉ်ကျေးမှုကော်မတီနာယက ဦးကျော်မြင့်က ပြောသည်။

**၄၉၉**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၁**

ရန်ကုန်(ရွှေဈေး) ၉၄၈၀၀၀ - ၉၄၈၀၀၀ မန္တလေး(ရွှေဈေး) ၉၄၈၀၀၀ - ၉၄၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၂၅/၉၅၀ ကျပ်၊ | ၉၉၅/၁၀၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၈၀/၉၀၀ ကျပ်၊ | ၉၄၅/၉၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၅/၉၄၀ ကျပ်၊ | ၉၇၀/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၈၉၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၅/၉၀၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၄၅/၈၅၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၉. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၇၀. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉. ၇၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၃. ၀၁၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၁. ၇၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၈၇၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၇၈. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၇. ၈၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၉. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၄၉. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇူလိုင် ၁၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးနှင့် ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်စဉ်။

☆ ရှေ့ဖုံးမှ

## အပြန်အလှန်ထိန်းကျောင်း

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်အစည်းအဝေးကာလ လပေါင်း ၃၀ အတွင်း ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ခေါ်ယူကျင်းပခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၇၆ ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော်သက်တမ်းတစ်ခု စတင်သည့်နေ့ရက်မှ လပေါင်း ၃၀ ပြည့်မြောက်သည့် နေ့ရက်အထိ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ထမ်းဆောင်ခဲ့ကြပြီးဖြစ်ပါကြောင်း၊ ကျန်သက်တမ်းကာလအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကိုပါ ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် ယခုအစည်းအဝေးတွင် တာဝန်လွှဲပြောင်း၊ လက်ခံခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နိုင်ငံတော်က ကျင့်သုံးလျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်နှင့် အခွင့်အလမ်းများ ပိုမိုခိုင်မာလာစေရေး၊ နိုင်ငံသူ နိုင်ငံသားတိုင်း တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှုစသည့် အခြေခံလူ့အခွင့်အရေးများ တိုးတက်ရရှိလာစေရေးတို့ကို အဂတိတရားကင်းကင်းရှင်းရှင်းနှင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့်လည်း အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်ခဲ့ပါကြောင်း။

## ဦးစားပေးအလိုက်ဆွေးနွေးဆောင်ရွက်

ဒုတိယနာယကအနေဖြင့်လည်း ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းထားသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်များ၏ အုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အတွင်းရေးမှူးအဖြစ် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ဦးစီးဦးဆောင်ပြုပြီး ပိုမိုကောင်းမွန်သည့် အခြေခံကောင်းများရရှိအောင် ဆောင်ရွက်ပေးခဲ့မှုအတွက် အသိအမှတ်ပြုကျေးဇူးတင်ပါကြောင်း။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ လပေါင်း ၃၀ သက်တမ်းကာလအတွင်း ပုံမှန်အစည်းအဝေး ၈ ကြိမ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နဝမပုံမှန်အစည်းအဝေးကိုလည်း စတင်ကျင်းပလျက်ရှိပါကြောင်း၊ ဤကာလအတွင်း ဥပဒေပြုခြင်းအပိုင်း၌ ၂၀၁၆ ခုနှစ်တွင် ၄၄ ခု၊ ၂၀၁၇ ခုနှစ်တွင် ၂၉ ခုနှင့် ၂၀၁၈ ခုနှစ်တွင် ယနေ့အထိ ၂၂ ခု စုစုပေါင်း ဥပဒေ ၉၅ ခုကို ဆွေးနွေးအတည်ပြုပြဋ္ဌာန်းပေးနိုင်ခဲ့ပါကြောင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း ပြည်ပမှ ချေးငွေရယူရေးကိစ္စရပ် ၄၀ နှင့် နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်အတွက် သဘောတူစာချုပ်လက်မှတ်ရေးထိုးရေးကိစ္စရပ် ၂၆ ခုအပါအဝင် လိုအပ်သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဦးစားပေးအလိုက် ဆွေးနွေးဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

## လေ့လာဆန်းစစ်သုံးသပ်

ထို့ပြင် ပြည်ထောင်စုလွှတ်တော် သက်တမ်းတစ်ဝက်ကာလအတွင်း ထူးခြားသည့် ဒေသတွင်းဆက်ဆံရေးကဏ္ဍတွင် ဆောင်ရွက်ချက်တစ်ခုအနေဖြင့် (၃၇)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတွင် နိုင်ငံတကာလွှတ်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး လွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံပါလီမန်များဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့ကိုလည်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အာဆီယံပါလီမန်များညီလာခံ (AIPA) နှင့် ဆက်စပ်အစည်းအဝေးများသို့ (၂၁)ကြိမ်နှင့် နိုင်ငံတကာပါလီမန်များညီလာခံ (IPU)နှင့် ဆက်စပ်အစည်းအဝေးများသို့ (၂)ကြိမ် စေလွှတ်တက်ရောက်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအကြားတွင်လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအချင်းချင်းကြားတွင်လည်းကောင်း လွှတ်တော်ဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် တည်ဆဲဥပဒေများအား လေ့လာဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်ရေး၊ ပယ်ဖျက်ရေး၊ အသစ်ပြဋ္ဌာန်းနိုင်ရေး၊ အထူးကိစ္စရပ်များ ပေါ်ပေါက်လာပါက ၎င်းကိစ္စရပ်များအား ဥပဒေအမြင်နှင့် ယှဉ်၍ လေ့လာဆန်းစစ်သုံးသပ်နိုင်ရေးနှင့် အရေးကြီးသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များတွင် အထောက်အကူပြုပြီး ညီညွတ်မျှတသည့် ကျွမ်းကျင်မှု၊ အကြံဉာဏ်များရရှိရေးအတွက် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ကိုလည်း ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

ပြည်ထောင်စုတစ်ဝန်း ဒေသအနှံ့အပြားမှ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပါဝင်ဖွဲ့စည်းထားသည့်ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်နှင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဥပဒေပြုရေးအပါအဝင် လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေကြရခြင်း ဖြစ်ပါကြောင်း။

ယခုအချိန်သည် ရေရှည်တည်တံ့ခိုင်မြဲသည့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များကို အထူးအလေးထားဆောင်ရွက်နေရသည့် ကာလဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် သာမက မိမိတို့၏ အခြေခံမဲဆန္ဒနယ်မြေ တစ်ခုချင်းမှစပြီး နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်း ဆက်လက်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

## လပေါင်း ၃၀

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ကျန်ရှိသည့် လပေါင်း ၃၀ ကာလတွင်လည်း မိမိတို့ရရှိပြီးသည့် အတွေ့အကြုံအသိပညာများကို အကျိုးရှိရှိမှန်မှန်ကန်ကန်အသုံးချပြီး ပြည်သူများ၏ ဆန္ဒနှင့် မျှော်လင့်ချက်များကို ပိုမိုတိုးတက်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းအားထုတ်ကာ တာဝန်ကျေကြပါဟု ဆန္ဒပြုတိုက်တွန်းလိုပါကြောင်း၊ မိမိနှင့်အတူ လပေါင်း ၃၀ ကာလအတူလက်တွဲပြီး ပူးပေါင်းကူညီလုပ်ဆောင်ပေးခဲ့မှုများအတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာန အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၏ တာဝန်များကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ထံသို့ လွှဲပြောင်းပေးအပ်သည်။

## အားသွန်ခွန်စိုက်ကြိုးပမ်း

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က လွှတ်တော်သို့ နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းစတင်ခဲ့သည့် အချိန်မှစပြီး လပေါင်း ၃၀ ပြည့်မြောက်သည့်ကာလအထိ ပြည်ထောင်စုလွှတ်တော်နာယကနှင့် ဒုတိယနာယကတာဝန်ကို ကျေပွန်စွာတာဝန်ယူ ဆောင်ရွက်ခဲ့သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း ဦးစွာပြောကြားလိုပါကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်များကို အခြေခံပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များနှင့်အတူ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ယခုလိုခက်ခဲကြီးမားလှသော လုပ်ငန်းတာဝန်များကို ကျရာအခန်းကဏ္ဍမှ လပေါင်း ၃၀ ကြာ တာဝန်ကျေပွန်ပြီး မြောက်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို မိမိတို့၏ ဤပြည်ထောင်စုလွှတ်တော်အစည်းအဝေးကြီးက မှတ်တမ်းတင်ဂုဏ်ပြုရမည်ဖြစ်ပါကြောင်း။

နိုင်ငံတကာတွင် လွှတ်တော်များသည် ဒီမိုကရေစီစနစ်၏ အခြေခံအုတ်မြစ်ဖြစ်သလို နိုင်ငံတစ်နိုင်ငံ၏ အသက်ဝိညာဉ်၊ အသက်သွေးကြောများဖြစ်သည်ဟု ပြောစမှတ်ပြုကြပါကြောင်း၊ ဥပဒေပြုအာဏာကို ကျင့်သုံးကြရသည့် လွှတ်တော်များသည် ပြည်သူများကို ကိုယ်စားပြုပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနှင့် ပြည်သူများ၏လိုအပ်ချက်များကို သိရှိခံစားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း။

## အဆင်ပြေကောင်းမွန်စေရေး

ယခုလိုဆောင်ရွက်ရာမှ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အခြေအနေနှင့် ညီညွတ်မျှတမှုရှိသောဥပဒေများ ပေါ်ပေါက်လာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အခြေခံကျကျ အဆင်ပြေကောင်းမွန်စေရေးတို့ကို နိုင်ငံတော်၏အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးကြသည့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် အတူ ကဏ္ဍအလိုက်အကောင်အထည်ဖော်ခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်း၊ ညှိနှိုင်းဆွေးနွေးပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်ဖြစ်ထွန်းလာရန် ရည်မှန်းချက်ထားရှိပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်နေကြသည်မှာ ထင်ရှားသည့်သာဓကဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့အနေဖြင့် အားကောင်းမောင်းသန်အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ထိထိရောက်ရောက်ပါဝင်ဆွေးနွေးနိုင်ရန်အတွက် ယင်းအစုအဖွဲ့တွင် ပါတီပေါင်းစုံမှ တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းစုံ ပါဝင်နိုင်ရန် ကြိုတင်ပြင်ဆင်စုဖွဲ့ပြီး တာဝန်ပေးအပ်စေလွှတ်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

ဥပဒေပြုလွှတ်တော်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေသည့် အကာအကွယ်ပေးနိုင်သောဥပဒေများ ပြဋ္ဌာန်းပေးရမည်ဖြစ်သကဲ့သို့ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကလည်း ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကောင်အထည်ဖော်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် နိုင်ငံသားအားလုံးကလည်း တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး တာဝန်ကျေပွန်မှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ စည်းကမ်းရှိမှုများနှင့် ပူးပေါင်းလုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ပါကြောင်း။

## ဆွေးနွေးညှိနှိုင်းအဖြေရှာ

ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို အတတ်နိုင်ဆုံး ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ကို မှန်ကန်မျှတစွာ ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်သွားကြရဦးမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် ပြည်သူလူထုက ချက်ချင်းအကောင်အထည်ပေါ်လာမှုကို မြင်တွေ့လိုကြသော်လည်း ဒီမိုကရေစီ၏ ပင်ကိုအခြေခံသဘောတရားအရ တစ်ခါတစ်ရံတွင် လက်ငင်းအဖြေထွက်ရန်ထက် အချိန်ကာလတစ်ခုယူရန် လိုအပ်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် စစ်မှန်သော ဒီမိုကရေစီစနစ်မှတစ်ပါး အခြားစနစ်မရှိတော့ပါဟု ပြောကြားလိုပါကြောင်း။

## အတွေ့အကြုံရင့်ကျက်လာ

မိမိတို့၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ခရီးစဉ်ကို ကြိုးပမ်းဖော်ဆောင်ကြရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် မှန်ကန်သည့် စိတ်ရင်းစေတနာနှင့် အမြော်အမြင်ရှိရှိ နည်းလမ်းမှန်မှန်ဖြင့် မိမိတို့၏ ကိုယ်စီတာဝန်ကျေပွန်မှုများကို ထုတ်ဖော်ပြသနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အစည်းအဝေးကျင်းပမှု တစ်ကြိမ်ထက်တစ်ကြိမ် ပိုပြီး အတွေ့အကြုံ ရင့်ကျက်လာသည်နှင့်အမျှ မဲဆန္ဒရှင်ပြည်သူများအတွက် ကိုယ်စားပြုပြီး ဥပဒေပြုရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်ကြရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအပြင် တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းပြီး ဒီမိုကရေစီစနစ် ပိုမိုခိုင်မာလာအောင် အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

○ စာမျက်နှာ ၃ မှ

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ ကျန်ရှိသည့် သက်တမ်းတစ်ဝက်ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို ရည်ရွယ်ပြီး ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာ အယူဝါဒစွဲများ မထားရှိကြဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် မိမိနှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ မိမိတို့တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိတ်ကောင်းစေတနာ မှန်ကန်စွာနှင့် ကျေပွန်အောင် ဆက်လက်ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ပေါ်ထွန်းလာရေး လုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းတင်

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(က)နှင့်အညီ ပြည်ထောင်စုလွှတ်တော် နာယက၊ ဒုတိယနာယက တာဝန်များကို အောင်မြင်စွာထမ်းဆောင်ခဲ့သည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့အား ပြည်ထောင်စုလွှတ်တော်က ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက၏ ရှေ့မှောက်၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ကတိသစ္စာပြုသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အီတလီနိုင်ငံမှ အတိုးမဲ့ချေးယူငွေ ယူရိုသန်း ၃၀ ရယူရန်** ကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ**က မြန်မာနိုင်ငံအတွင်း မီးလင်းရန်ကျန်ရှိသော ကျေးရွာများ၌ မဟာဓာတ်အားလိုင်းပြင်ပမှ ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းတွင် အီတလီနိုင်ငံမှ ချေးငွေ(Soft Loan) ယူရိုသန်း ၃၀ ကို Co-Financing အဖြစ် ထည့်ဝင်ဆောင်ရွက်သွားနိုင်ရေး အီတလီအစိုးရက ကမ်းလှမ်းဆွေးနွေးလာခဲ့ပါကြောင်း။



**ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြစဉ်။**

### မီးလင်းရေးလုပ်ငန်းများဆောင်ရွက်

အီတလီနိုင်ငံအစိုးရကပေးအပ်သော ချေးငွေ ယူရိုသန်း ၃၀ သည် အတိုးမဲ့ချေးငွေဖြစ်ပြီး ဆိုင်းငံ့ကာလမှာ ၁၈ နှစ်ဖြစ်၍ ပြန်လည်ပေးဆပ်ရမည့်ကာလမှာ ၁၀ နှစ်ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းချေးငွေများဖြင့် လျှပ်စစ်မီးလက်လှမ်းမီမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ချင်းပြည်နယ်နှင့် ယင်းအနီးတစ်ဝိုက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Co-Financing အဖြစ် ထည့်ဝင်သော ချေးငွေများဖြင့် တစ်အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားလိုင်းစနစ်များဖြင့် ခန့်မှန်းကျေးရွာ ၁၀၁၉ ရွာတွင် မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပြီး အိမ်ခြေ ၉၆၅၀၀ ခန့်အား အကျိုးပြုစေရန် မျှော်မှန်းထားပါကြောင်း။

အီတလီအစိုးရသည် မြန်မာနိုင်ငံ၏ တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ချက်များကို ကူညီပံ့ပိုးရန်၊ မဟာဓာတ်အားလိုင်းနှင့်ဝေးကွာသော ကျေးရွာများတွင် အကြိုလျှပ်စစ်မီးရရှိရေးစနစ် (Pre-Electrification System)ဖြင့် ဆောင်ရွက်နိုင်ရန်၊ အစိုးရ၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊ ပြည်သူအချိုးကျ ထည့်ဝင်သောစနစ်ဖြင့် ပိုမိုကောင်းမွန်သည့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရန်နှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ချေးငွေပေးအပ်ခြင်း ဖြစ်ပါကြောင်း။

တစ်အိမ်သုံးဆိုလာစနစ်အတွက် စီမံကိန်းဧရိယာရွေးချယ်ရာ၌ နောင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိနိုင်သည့် ကျေးရွာများ၊ မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ဝေးကွာသောဒေသများ၊ ဝေးလံခေါင်ဖျားသောဒေသများရှိ ကျေးရွာများ၏ အိမ်ခြေနှင့် လူနေထူထပ်မှု၊ ပြည်သူက ၁၀ ရာခိုင်နှုန်းခန့် ထည့်ဝင်နိုင်သော ကျေးရွာများ စသည့်ရွေးချယ်ရေးမူများအပေါ် အခြေခံ၍ ကျေးရွာများ ရွေးချယ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### ရွေးချယ်ဆောင်ရွက်သွားမည်

အသေးစားဓာတ်အားပေးစနစ်(Mini-Grid)အတွက် စီမံကိန်းဧရိယာရွေးချယ်ရာတွင် မြေမျက်နှာသွင်ပြင် အနေအထားအရ နောင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိနိုင်သော ကျေးရွာများ၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း ထည့်ဝင်နိုင်သော ကျေးရွာများ၊ ဓာတ်အားခပေးဆောင်ရန် ဆန္ဒရှိသော ကျေးရွာများ၊ ကျေးလက်မီးလင်းရေးအတွက် သာမက အသေးစားကုန်ထုတ်လုပ်မှုလုပ်ငန်းများပါ ဆောင်ရွက်လိုသည့် ကျေးရွာများ၊ အသင်းအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လိုသော ကျေးရွာများ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်ရရှိနိုင်သည့် ကျေးရွာများ စသည့်အချက်များအပေါ် အခြေခံ၍ ကျေးရွာများ ရွေးချယ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နည်းပညာအကူအညီပေးရေးအတွက် အီတလီအစိုးရက ကမ္ဘာ့ဘဏ်သို့ သီးခြားရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅ သန်း ထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ မီးလင်းရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာမူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဘောင်များ ရေးဆွဲခြင်း၊ မီးလင်းရေးစီမံချက်များ ရေးဆွဲခြင်း၊ အကျိုးရလဒ်များ စောင့်ကြည့်စစ်ဆေးခြင်း၊ နည်းပညာ၊ ဒီဇိုင်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများ အကဲဖြတ်စိစစ်ခြင်း၊ ဝယ်ယူရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုထိခိုက်မှုဆိုင်ရာ စီမံခန့်ခွဲခြင်းတို့အတွက် နည်းပညာဆိုင်ရာ အကြံဉာဏ်များပေးခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**စာမျက်နှာ ၅ သို့** »»

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁**

**စစ်တောင်းမြစ်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပဲခူးမြို့ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုစစ်ဆေး

**ပဲခူး ဩဂုတ် ၁**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တွင်ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံးနှင့် မြို့သစ်ရပ်ကွက်ရှိ ပဲခူးမြို့ အားကစားကွင်းတွင် ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်း အမှတ် ၂ တို့သို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ နှီးနွှယ်ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ပဲခူးတိုင်းဒေသကြီးရှိ ရွှေကျင်မြို့နယ်၊ ပဲခူးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ တောင်ငူမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ဝေါမြို့နယ်၊ ကဝမြို့နယ်တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဇူလိုင် ၃၁ ရက်အထိ ရေဘေးကယ်ဆယ်ရေးစခန်းပေါင်း ၈၁ ခု ဖွင့်လှစ်ထားရှိကြောင်း၊ ယခုအခါ ရေဘေးသင့်ဒေသများတွင် ရေများ စတင်ကျဆင်းလျက်ရှိသော်လည်း ဩဂုတ်လအတွင်း နောက်တစ်ကြိမ် ထပ်မံရေကြီးလာတတ်၍ ပြင်ဆင်ဆောင်ရွက်မှုများ ထားရှိရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အကူအညီများ ဆက်လက်ပေးအပ်စေလိုပါကြောင်း၊ ရေဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်းကာ အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများနှင့် ကယ်ဆယ်ရေးစခန်းများတွင် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်လျက်ရှိကြောင်း၊ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ဆေးနှင့် ဆေးပစ္စည်းများအပါအဝင် လိုအပ်သည်များကို ပေးပို့ဖြည့်ဆည်းပေးခဲ့ပြီး ထပ်မံလိုအပ်သည်များကိုလည်း အချိန်နှင့် တစ်ပြေးညီ ပေးပို့ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ယခုအခါ ပဲခူးတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုတွင် ဆောင်ရွက်လျက်ရှိသော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများမှ ကောင်းမွန်သောအချက်များကို စုစည်းနမူနာယူ၍ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ပြန်လည်အသုံးချလုပ်ဆောင်ရန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဦးစားပေးအထူးအလေးထားကာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နှီးနွှယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့သစ်ရပ်ကွက်တွင် ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းအမှတ် ၂ သို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။



ရေဘေးကယ်ဆယ်ရေးစခန်း အမှတ် ၂ အပါအဝင် ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်လျက်ရှိပြီး ယာယီဆေးခန်းများ၊ ရွေ့လျားဆေးခန်းများဖြင့် ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါကာကွယ်ခြင်း၊ အစားအသောက်၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ပိုးမွှားနှိမ်နင်းခြင်းလုပ်ငန်းများ၊ သွားကျန်းမာရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ခြင်း၊ အာဟာရ ဆန်းစစ်ဖြည့်တင်းခြင်း၊ တိုင်းရင်းဆေးပညာဖြင့် ကုသစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ လိုအပ်ပါက ဆေးရုံသို့ လွှဲပြောင်းကုသမှုပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပကတိလက်တွေ့မြေပြင်အခြေအနေတွင် ကျန်းမာရေး ဝန်ဆောင်မှုပေးနေမှုများကို ကြည့်ရှုနိုင်ရန်နှင့် လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရန်အတွက် ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပြင်ပလူနာဌာနနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

»»» **စာမျက်နှာ ၄ မှ**

ထို့ကြောင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက်များနှင့် မြန်မာနိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ ရည်မှန်းချက်များနှင့်အညီ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသော အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်၊ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး လုပ်ငန်းများတွင် Co-Financing အဖြစ် အီတလီနိုင်ငံအစိုးရမှ ပေးအပ်သည့် အတိုးမဲ့ချေးငွေ ယူရိုသန်း ၃၀ အား ချေးယူခွင့်ပြုနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က ချေးငွေဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် ဝန်ကြီးဌာနမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြစ်ပြီး ဆောင်ရွက်မည့်လုပ်ငန်းမှာ ကျေးလက်မီးလင်းရေးကိစ္စများဖြစ်သဖြင့် ဝင်ငွေရရှိရေးကို ပဓာနမထားဘဲ အချိန်စေ့ရောက်သည့် နှစ်အလိုက် ပြန်လည်ပေးဆပ်မှုများကို နိုင်ငံတော်ဘတ်ဂျက်မှ ခွဲဝေသုံးစွဲ၍ ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလ ကျော်လွန်ပါက တစ်နှစ်လျှင် ငွေကျပ် ၄၉၉၆ ဒသမ ၂ သန်းခန့် ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း။

**လျော်ကန်သင့်မြတ်မှုရှိ**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် လျှပ်စစ်မီးရရှိရေးကိစ္စသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုဘတ်ဂျက်မှ နှစ်စဉ်ခွဲဝေကျခံသုံးစွဲပေးလျက်ရှိသော်လည်း လုံလောက်မှုမရှိသဖြင့် ယခုကဲ့သို့ သက်သာမှုရှိသော နှစ်ရှည်ချေးငွေဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စသည် လျော်ကန်သင့်မြတ်မှုရှိပါကြောင်း၊ နိုင်ငံတော်၏ ပြည်ပကြွေးမြီလက်ကျန် အခြေအနေအရ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်ရှိ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၅ ဒသမ ၄၅ ရာခိုင်နှုန်းခန့်ဖြစ်သဖြင့် ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်း ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

**အဆိုပါ အီတလီနိုင်ငံမှ အတိုးမဲ့ချေးယူငွေ ယူရိုသန်း ၃၀ ရယူရန် ကိစ္စနှင့်စပ်လျဉ်း၍** ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့်**




ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် လွှတ်တော်တွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးငွေရယူရန်** ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ**က အာရှဖွံ့ဖြိုးရေးဘဏ်(Asian Development Bank - ADB) ချေးငွေဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဇုန်ဒေသများဖြစ်သော မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၅ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄ မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းရှိ မြို့နယ် ၅ မြို့နယ် စုစုပေါင်း မြို့နယ် ၁၄ မြို့နယ်တို့တွင် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာတန်ဖိုး ကွင်းဆက်စီမံကိန်း(Climate Friendly Agribusiness Value Chains Sector Project)ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း။

စီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ရယူမည်ဖြစ်ပြီး ပြန်ဆပ်ရမည့်ကာလမှာ ဆိုင်းငံ့ကာလ ရှစ်နှစ် အပါအဝင် စုစုပေါင်း ၃၂ နှစ် ဖြစ်ပါကြောင်း၊ အတိုးနှုန်းမှာ ဆိုင်းငံ့ကာလအတွင်း ၁ ရာခိုင်နှုန်းနှင့် ကျန်ကာလများတွင် ၁ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ချေးငွေများကို ဆိုင်းငံ့ကာလပြီး နောင် တစ်နှစ်လျှင် နှစ်ကြိမ် (မတ်လနှင့် စက်တင်ဘာလတို့တွင်) ၂၄ နှစ်ဖြင့် စုစုပေါင်း ၄၈ ကြိမ် ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊ အဆိုပါ ချေးယူထားသောငွေအား နိုင်ငံတော်ရန်ပုံငွေမှ နှစ်အလိုက် ပေးဆပ်ရမည့် ငွေပမာဏကို တင်ပြတောင်းခံ၍ ပြန်လည်ပေးဆပ်သွားရမည် ဖြစ်ပါကြောင်း။

**ဝင်ငွေပိုမိုရရှိမည်**

ဤစီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းဧရိယာများတွင် ထုတ်လုပ်မှု စွမ်းအားတိုးမြင့်လာခြင်း၊ ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်ခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေးကောင်းမွန်ပြီး အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေခြင်းနှင့် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်ဈေးကွက် ယှဉ်ပြိုင်ဝင်ရောက်နိုင်မှု တိုးတက်လာပြီး ကျေးလက်နေအိမ်ထောင်စုများ၏ဝင်ငွေ ပိုမိုရရှိမည်ဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် စီမံကိန်းဧရိယာရှိ ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှု၊ စားနပ်ရိက္ခာမဖူလုံမှုနှင့် အာဟာရချို့တဲ့မှုတို့ လျော့နည်းကျဆင်းလာစေမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် အာရှဖွံ့ဖြိုးရေးဘဏ်၏ ချေးငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ရယူ၍ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

**ပြန်လည်ပေးဆပ်နိုင်ရန်စီစဉ်**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က ချေးငွေဖြင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ဝန်ကြီးဌာနမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖြစ်ပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေး ကောင်းမွန်ပြီး ISO 17025 စံသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိသော စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများထုတ်လုပ်မှုမှတစ်ဆင့် ပြည်ပဈေးကွက်များ ရရှိလာပြီး ဝင်ငွေတိုးတက်ရရှိနိုင်မည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် အချိန်စေ့ရောက်သည့် နှစ်အလိုက် အတိုး၊ အရင်း ပြန်လည်ပေးဆပ်မှုများကို ဌာန၏ရငွေများဖြင့် ပြန်လည်ပေးဆပ်နိုင်ရန်စီစဉ်၍ ဘတ်ဂျက်သို့ ရငွေများ ပေးသွင်းခြင်း၊ ချေးငွေပေးဆပ်ရန် အသုံးစရိတ်များ တောင်းခံခြင်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပြည်ပကြွေးမြီလက်ကျန် အခြေအနေမှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်ရှိ ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုးမှာ ၁၅ ဒသမ ၄၅ ရာခိုင်နှုန်း ဖြစ်သဖြင့် ကြွေးမြီခံနိုင်ရည်ရှိမှု အတိုင်းအတာအတွင်း ရှိနေပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ **အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးငွေရယူရန်**ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဩဂုတ် ၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ ဟန်လင်းနိုင်(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ တရားရေးဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ တရားရေးဒုတိယဝန်ကြီး H.E. Mr. Takashi Yamashita အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာန အနေဖြင့် တရားရေးနှင့် ဥပဒေရေးရာကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန်အတွက် အထောက်အကူပြုမည့် တရားစီရင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ ဦးအောင်တင်လင်း၊ အတွင်းရေးမှူး ဦးလှသန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ တရားရေးဒုတိယဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် ဂျပန်နိုင်ငံ လွှတ်တော်ရေးရာ တရားရေးဒုတိယဝန်ကြီး H. E. Mr. Takashi Yamashita နှင့် အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် ဂျပန်နိုင်ငံ တရားရေးဝန်ကြီးဌာနတို့အကြား ဆက်ဆံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကိစ္စရပ်များ၊ ခုံရုံးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union) အစည်းအဝေး(၄/၂၀၁၈)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယနေ့အစည်းအဝေး၏ ရည်ရွယ်ချက်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ဆောင်ရွက်မှုလုပ်ငန်းစဉ်များနှင့် လွှတ်တော်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရန်ဖြစ်ပါကြောင်း၊ ယခုကျင်းပနေသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှစ်ခုကိုတင်သွင်းခဲ့ပြီး ဆွေးနွေးနေဆဲကာလအချိန်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသန္တရစီမံကိန်းနှင့် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို စိစစ်ပြဋ္ဌာန်းရာတွင် အချိန်သတ်မှတ်ချက်များမပါရှိသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များတွင်လည်း ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်လာပြီဟု သုံးသပ်ရရှိပါကြောင်း၊ ထို့ကြောင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ငွေစာရင်းပူးပေါင်းရေးကော်မတီမှ ဒုတိယဥက္ကဋ္ဌများအားလုံးဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း။

ဥပဒေပြုရေးနှင့်ပတ်သက်၍လည်း ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်အနေဖြင့် ပကတိဖြစ်ပျက်နေသည့် အနေအထားများကိုလည်း သုံးသပ်တင်ပြသွားရန် စီစဉ်ထားပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများအနေဖြင့်လည်း ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဘတ်ဂျက်ကို လွှတ်တော်ကစိစစ်ရာတွင် အချိန်မလုံလောက်၍ အခက်အခဲတွေ့ရသည်ကို သိရပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို စိစစ်ရန်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ လွှတ်တော်သို့ တင်ပြရမည့်နေ့ရက်၊ လွှတ်တော်စိစစ်ရေးအဖွဲ့များက တင်ပြရမည့်နေ့ရက်များကို သတ်မှတ်ထားပါကြောင်း၊ ထို့ပြင် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် ဥပဒေကြမ်းပူးပေါင်းကော်မတီတို့က လွှတ်တော်သို့ အစီရင်ခံစာများ တင်သွင်းရက်ကိုလည်း သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ သို့မှသာ လွှတ်တော်တွင် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရန်အချိန်ရပြီး အတည်ပြုပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဘက်မှ အတည်ပြုရန် နောက်ကျသွားလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် အခက်အခဲဖြစ်ရသည်ကိုသိရပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းထွန်းဟိန်က အစည်းအဝေး (၃/၂၀၁၈) ဆုံးဖြတ်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်နှင့် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ရုံးအဖွဲ့မှူး၊ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ ဘဏ္ဍာငွေရေးဆွဲတင်ပြခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က တိုင်းဒေသကြီး၊ ပြည်နယ် ဒေသန္တရစီမံကိန်းနှင့် နှစ်စဉ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတင်သွင်းခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌတို့က ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တို့ကပြဋ္ဌာန်းသည့် ဥပဒေများဆန့်ကျင်မှု၊ ကွဲလွဲမှု၊ မညီညွတ်မှုမဖြစ်ပေါ်စေရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း၍ လိုအပ်သည်များဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# မြဝတီဘဏ်လီမိတက်၏ ၆၀ ခုမြောက်(ဒဂုံမြို့သစ်မြောက်ပိုင်း)ဘဏ်ခွဲ ဖွင့်

**ရန်ကုန် ဩဂုတ် ၁**

မြဝတီဘဏ်လီမိတက်၏ ၆၀ ခုမြောက်(ဒဂုံမြို့သစ်မြောက်ပိုင်း)ဘဏ်ခွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရာဇဓိရာဇ်လမ်းနှင့် တပင်ရွှေထီးလမ်းကြား ပြည်ထောင်စုလမ်းမကြီးရှိ အဆိုပါဘဏ်ခွဲ၌ပြုလုပ်ရာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ တာဝန်ရှိသူများ၊ မြဝတီဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ မြဝတီဘဏ်လီမိတက် ဝန်ထမ်းမိသားစုများက သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး သံဃာတော်များ၊ မြဝတီဘဏ်လီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်နှင့် တာဝန်ရှိသူများက ဘဏ်ခွဲကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။




မြဝတီဘဏ်(ဒဂုံမြို့သစ်မြောက်ပိုင်း) ဘဏ်ခွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ စာရင်းရှင်အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆု ဝန်ဆောင်မှုအပ်ငွေများ၊ ATM ကတ် စာရင်းအပ်ငွေများ လက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သော ရင်းနှီးငွေများအတွက် မရွှေ့မပြောင်းနိုင်သော မြေနှင့် အဆောက်အအုံများကို အာမခံအဖြစ်ရယူ၍ ချေးငွေများ ထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန် ငွေလွှဲပေးပို့နိုင်ခြင်းများ အပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking ဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းစဉ်**

## ■ ကရင်ပြည်နယ်အတွင်းမှ

ရှိကြောင်း၊ ရေကြီးနစ်မြုပ်သော်လည်း ရေဘေးကယ်ဆယ်ရေးစခန်းသို့ မသွားရောက်ဘဲ နေအိမ်များတွင်သာ ဆက်လက်နေထိုင်ကြသူများနှင့် ရေဘေးဒုက္ခ ရင်ဆိုင်ကြုံတွေ့နေကြရသည့် ကျေးရွာများလည်းရှိကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဇူလိုင် ၃၁ ရက်အထိ ငွေကျပ် ၁၀၉၈၉၉၀၀ တန်ဖိုးရှိ စားသောက်ကုန်များ၊ ပြည်နယ်တစ်ခုလုံးအနေဖြင့် ငွေကျပ် ၆၅၇၁၇၆၀၀ တန်ဖိုးရှိ စားသောက်ကုန်များကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင်အလှူရှင်များ၊ ပရဟိတအသင်းအဖွဲ့များကလည်း ကူညီထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်တစ်ခုလုံးအနေဖြင့် ဇူလိုင် ၃၁ ရက်အထိ ရေဘေးစခန်း ၅၃ ခုတွင် အိမ်ထောင်စု ၇၆၆၈ စု၊ လူဦးရေ ၃၇၆၉၉ ဦး ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ❖ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲမှ

မြန်မာယူ-၂၃ အသင်းသည် ပွဲစကတည်းက တောင်ကိုရီးယားအသင်း၏ ဖိကစားခြင်းခံခဲ့ရသည်။ မြန်မာအသင်း ခံစစ်ပိုင်းအမှားများခဲ့သလို ကွင်းလယ်ခံစစ်ကစားသမားများဖြစ်သည့် လှိုင်းဘိုဘို၊ မောင်မောင်စိုးတို့က ပံ့ပိုးပေးနိုင်မှုအားနည်းသောကြောင့် တောင်ကိုရီးယားအသင်းက တိုက်စစ်စိတ်ကြိုက်ကစားခွင့်ရသွားခြင်းဖြစ်သည်။

မြန်မာနောက်တန်းသည် တောင်ကိုရီးယားအသင်း၏ တိုက်စစ်တွဲလုံးနှင့် အမြန်နှုန်းကို ထိန်းချုပ်နိုင်ခြင်းမရှိသောကြောင့် ဂိုးများဆက်တိုက်ပေးခဲ့ရခြင်းဖြစ်ပြီး ငါးမိနစ်တွင် ချိုဟီဝမ်၊ ၂၀ မိနစ်နှင့် ၅၇ မိနစ်တွင် ကင်ဆီယွန်၊ ၃၁ မိနစ်တွင် ချိုင်ဂျွန်တို့က ဂိုးများသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းအစတွင် အောင်သူနှင့် အီစိုးတို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း မိနစ် ၇၀ ကျော်မှ တောင်ကိုရီးယားနောက်တန်းကို ဖိအားပေးနိုင်ခဲ့သည်။ ၇၄ မိနစ်တွင် မြန်မာ ယူ-၂၃ အသင်း ချေပဂိုးစရခဲ့ပြီး ဒွေးကိုကိုချစ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲပြီးခါနီးတွင် တောင်ကိုရီးယားနောက်တန်း၏ အမှားများကို အသုံးချကာ မြန်မာအသင်း ချေပဂိုးများဆက်တိုက်ရခဲ့ပြီး ၈၅ မိနစ်တွင် မြတ်ကောင်းခန့်၊ မိနစ် ၉၀ တွင် ရန်နိုင်ဦးတို့က သွင်းယူခဲ့သည်။

ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားသည့် ပထမပွဲတွင် ဘာရိန်းအသင်းက ထိုင်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ထိုင်း ယူ-၂၃ အသင်းသည် ဦးဆောင်ဂိုးနှစ်ဂိုး စတင်သွင်းယူနိုင်သော်လည်း အနိုင်ရလဒ်ကိုမထိန်းနိုင်သောကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ပွဲအစ နှစ်မိနစ်တွင် ဂျာယိုဆက်၊ ခုနစ်မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂျာကစ်တို့က ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ၁၄ မိနစ်တွင် ဘာရိန်းယူ-၂၃ အသင်း ချေပဂိုးပြန်ရခဲ့ပြီး အာမက်အဗ္ဗဒူလာက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဘာရိန်းအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ဒုတိယချေပဂိုးကို ၄၁ မိနစ်တွင် မူဘာရက်က သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဩဂုတ် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်း၊ မြန်မာ ယူ-၂၃ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

# ကိုယ်စီတာဝန်

**မောင်မောင်ကျော်**

နိုင်ငံတစ်နိုင်ငံတွင် အကြောင်းကိစ္စတစ်ခုပေါ်ပေါက်ပါက အစိုးရလည်း အစိုးရအလျောက်၊ အဖွဲ့အစည်းများလည်း အဖွဲ့အစည်းအလျောက်၊ ပြည်သူများလည်း ပြည်သူအလျောက် ကိုယ်စီကိုယ်စီတာဝန်ရှိကြပါသည်။ အထူးသဖြင့် ယခုကဲ့သို့ နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုဖြစ်ပွားနေသောအချိန်အခါတွင် ပြည်သူပြည်သားအားလုံးတို့သည် ကိုယ်စီကိုယ်စီ ပိုမို၍တာဝန်ရှိကြပါသည်။

မျက်မှောက်ကာလတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီ၊ ရန်ကုန်၊ ပဲခူးတိုင်းဒေသကြီးတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပွားခဲ့ရာ ထိုဒေသနေပြည်သူများ ရေဘေးအန္တရာယ်နှင့်ကြုံတွေ့ခဲ့ရပါသည်။ သဘာဝဘေးဆိုသည်မှာ မလွန်ဆန်နိုင်သော သဘာဝတရားဖြစ်ပြီး တားဆီး၍ရနိုင်သော အရာမဟုတ်ပါ။ သဘာဝဘေးကိုကြုံတွေ့ရသောအခါ ဘေးအန္တရာယ်များမှ လွတ်မြောက်ရေး၊ အန္တရာယ်ကျရောက်မှု လျော့ပါးသက်သာရေးတို့ကို အခြေအနေအချိန်အခါအပေါ်မူတည်၍ ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရပါသည်။

ထိုသဘာဝဘေးကို မည်သူ့တွင်တာဝန်ရှိသနည်းဟု ယိုးမယ်ဖွဲ့၍လည်း ပြော၍ရနိုင်မည် မဟုတ်ပါ။ အများပြည်သူနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ၊ အထူးသဖြင့် အများပြည်သူနှင့်သက်ဆိုင်သည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ပြဿနာများရှိလာသောအခါ အစိုးရကိုသာ အပြစ်တင်ကြသည်မှာ အစဉ်အလာကဲ့သို့ဖြစ်နေပါသည်။ ပြည်သူ့အစိုးရအနေဖြင့် နှစ်နှစ်တာ၊ သုံးနှစ်တာကာလအတွင်း နှစ်ပေါင်းများစွာ ပြဿနာများကို ဖြေရှင်းနေရသည်မှာ မလွယ်ကူလှ၍ အားမလိုအားမရဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

အမှန်တကယ်တွင် နိုင်ငံတစ်နိုင်ငံအတွက် အရည်အချင်းပြည့်ဝသော ခေါင်းဆောင်ကောင်းတစ်ယောက်သည်ပင် ထိုနိုင်ငံကို တဖြည်းဖြည်းနှင့် အောင်မြင်အောင်ထူထောင်ရပါသည်။ ထိုသို့ထူထောင်နိုင်ရန်အတွက် ထိုခေါင်းဆောင်ကောင်းနောက်တွင် ပြည်သူပြည်သားများသည် နောက်လိုက်ကောင်းအဖြစ် ပါဝင်ကြရပါသည်။ ခေါင်းဆောင်ကောင်းများနှင့် ပြည်သူပြည်သားများ တက်ညီလက်ညီ နိုင်ငံကိုတည်ဆောက်ကြမှသာ တိုင်းသစ်ပြည်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ယခုကဲ့သို့သော သဘာဝဘေးပြဿနာများမှာ တစ်နှစ်ထက်တစ်နှစ် လျော့ပါးသွားစရာ အကြောင်းရှိမည် မဟုတ်ချေ။ တစ်နှစ်ထက်တစ်နှစ် တိုး၍တိုး၍သာ လာချေတော့မည်။ ထို့ကြောင့် ရင်ဆိုင်ကြုံတွေ့ကြရမည့် သဘာဝဘေးအန္တရာယ်များမှ လျော့ပါးသက်သာရေးအတွက် အစိုးရအနေဖြင့် စနစ်တကျကြိုတင်ပြင်ဆင်စီမံခန့်ခွဲထားရမည်ဖြစ်သလို စီမံဆောင်ရွက်နေသည်ကိုလည်း တွေ့ရပါသည်။ အစိုးရက မည်မျှပင် စီမံခန့်ခွဲဆောင်ရွက်သော်လည်း ပြည်သူပြည်သားများ၏ ပြုမူနေထိုင်ဆောင်ရွက်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှု၊ တားဆီးကာကွယ်မှုများကို ညီညီညွတ်ညွတ် မဆောင်ရွက်ကြလျှင်၊ ထိုက်သင့်သည့် အတိုင်းအတာအထိ မလုပ်ဆောင်ကြလျှင် အန္တရာယ်များမှာ မလျော့ပါးဘဲ ပိုမိုပြင်းပြင်းထန်ထန်ကြုံတွေ့နိုင်ပါသည်။ ထို့ကြောင့် အစိုးရလည်း အစိုးရ၊ ပြည်သူလည်း ပြည်သူ ကိုယ်စီကိုယ်စီ ညီညီညွတ်ညွတ် တာဝန်ယူကြရမည် ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံတွင် ကြုံတွေ့နေသည့် သဘာဝဘေးအန္တရာယ်မှာ အတိုင်းအတာတစ်ခုအထိ မကြီးမားသေးဟု ဆိုချင်ပါသည်။ ယနေ့ကာလတွင် ရေကြီးရေလျှံမှုများများစားစားဖြစ်ခဲ့သည့် ပဲခူး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တွင် တက်ရေများ ပြန်လည်ကျသွားသည်ကို မြင်တွေ့ရသည်။ ရက်အတန်ကြာ ပိတ်ထားခဲ့ရသော ရန်ကုန်-မော်လမြိုင်လမ်းပိုင်း ပြန်လည်ပွင့်သွား၍ ကူးသန်းသွားလာနေကြသည်ကို တွေ့ရသည်။ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းရှိ ဘီးလင်း-သထုံလမ်းပိုင်း ရေကျော်စဉ်က ပိတ်မိခဲ့သော မော်တော်ယာဉ်များနှင့် ခရီးသည်များ ရာချီရှိခဲ့သည်။ ခရီးသည်များ လမ်းခုလတ်တွင် ညအိပ်ညနေ နေခဲ့ရသော်လည်း အခက်အခဲများ ကြီးကြီးမားမား မရှိခဲ့ချေ။ စားရေးသောက်ရေး၊ နေရေးထိုင်ရေး အစစအရာရာ သင့်တင့်လျောက်ပတ်စွာ အဆင်ပြေခဲ့သည်ဟု အဆိုပါခရီးသွားများထံမှ သိရသည်။ အမှန်တကယ်တွင် ရက်ရှည်ကြာစွာ သောင်တင်ခဲ့သော အခြေအနေတွင် အခက်အခဲများ အနည်းအများရှိနိုင်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း၌ ရေဘေးသင့်ပြည်သူ တစ်သိန်းခွဲခန့်၊ အိမ်ထောင်စု သုံးသောင်းကျော်တို့သည် ကယ်ဆယ်ရေးစခန်း သုံးရာကျော်တွင် ယာယီနေထိုင်လျက်ရှိသည်။ ထို့အတွက် လိုအပ်သည့် စားရေးသောက်ရေးနှင့် လိုအပ်ချက်တို့ကို ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများမှ အလှူရှင်များ၊ လုပ်အားပေးများက တက်တက်ကြွကြွ ကူညီဆောင်ရွက်ပေးနေသဖြင့် လိုအပ်ချက် ကြီးကြီးမားမား မရှိဘဲ သင့်တင့်လျောက်ပတ်စွာဖြင့် အဆင်ပြေသည်ဟု သိရသည်။ သေဆုံးဒဏ်ရာရမှု အနည်းငယ်ရှိသော်လည်း အခြားဖြစ်စဉ်များ၊ အခြားနိုင်ငံများလောက် မကြီးမားဟု ဆိုနိုင်သည်။

အစိုးရအနေဖြင့် လက်ရှိ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည်များကို ကူညီစီမံဆောင်ရွက်ပေးထားပြီး ရေကြီးရေလျှံမှုအခြေအနေ မရှိသော်လည်း မြစ်ချောင်းများနှင့်နီးစပ်ပြီး အန္တရာယ်ရှိနိုင်သော ကျေးရွာများအား ယာယီရွှေ့ပြောင်းနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ပျက်စီးသွားသော လမ်းပိုင်းများအား သက်ဆိုင်ရာတို့မှ အလျင်အမြန်ပြင်ဆင်ပြီး ခရီးလမ်းပန်းသာအောင် ဆောင်ရွက်ပေးရမည်ဖြစ်သလို ပြည်သူများအတွက် စားဝတ်နေရေးနှင့် ကုန်စည်စီးဆင်းမှု တည်ငြိမ်မှန်ကန်ရေးအတွက် အသက်မွေးဝမ်းကျောင်းပြုသည့် ပြည်သူများက ကိုယ်ကျိုးစီးပွားကို ဦးစားမပေးဘဲ အများအကျိုးအတွက် ရှေးရှုဆောင်ရွက်ပေးကြရန် လိုအပ်သည်။

ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် မိုးလေဝသဌာနမှ စဉ်ဆက်မပြတ် အသိပေးနေသော ရာသီဥတုဖြစ်စဉ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး မဖြစ်မီ၊ ဖြစ်စဉ်၊ ဖြစ်ပြီး အခြေအနေမှန်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်သတင်းပြန်ကြားရေးဌာနများက နေ့စဉ်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ဖြစ်စဉ်ဖြစ်ရပ်များကို ကိုင်တွယ်ဖြေရှင်းရာ၌ သတင်းအမှန်ကို ပြည်သူများသိရှိရန် လိုအပ်သည်။ သတင်းမှားများနှင့် လိုသည်ထက်ပို၍ ပုံကြီးချဲ့ထားသောသတင်းများကြောင့် စိုးရိမ်ထိတ်လန့်မှုနှင့် မလိုလားအပ်သောထိခိုက်မှုများ မဖြစ်အောင် သတိထားသင့်သည်။ လက်ရှိအခြေအနေတွင် ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များကို ပြန်လည်ကုစားပြီး နောင်ကြုံတွေ့လာနိုင်သော အန္တရာယ်များကို ညီညီညွတ်ညွတ် ပြင်ဆင်ထားရမည်။

မြန်မာနိုင်ငံတွင် ယနေ့ကြုံတွေ့ခဲ့ရသော ရေကြီးရေလျှံမှုသဘာဝဘေးဖြစ်စဉ်များမှာ အတော်အတန်လျော့ပါးသက်သာသွားပြီဟု ဆိုနိုင်သည်။ ထိခိုက်ခံစားခဲ့ရသော ပြည်သူများအား ပြန်လည်ထူမတ်ပေးနိုင်ရန်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်။ ယခုကဲ့သို့ သဘာဝဘေးဖြစ်စဉ်တွင် အတိုင်းအတာတစ်ခုအထိ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခြင်းသည် ပြည်သူအားလုံး ကိုယ်စီကိုယ်စီ တာဝန်ကျေပွန်မှုကြောင့်ဟု ဆိုချင်သည်။

မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာမည့် မည်သည့်အရေးတွင်မဆို ကိုယ်စီတာဝန်ရှိပါသည်။ ။

> ❛ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် မိုးလေဝသဌာနမှ စဉ်ဆက်မပြတ် အသိပေးနေသော ရာသီဥတုဖြစ်စဉ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး မဖြစ်မီ၊ ဖြစ်စဉ်၊ ဖြစ်ပြီး အခြေအနေမှန်များကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံပိုင်သတင်းပြန်ကြားရေးဌာနများက နေ့စဉ် ဆောင်ရွက်ပေးနေ❜

## တာချီလိတ် မြေပြိုကျခဲ့သည့် အေးငြိမ်းချမ်းသာဘုန်းကြီးကျောင်း၌ မြေထိန်းနံရံပြုလုပ်ပြီးစီး

**တာချီလိတ် ဩဂုတ် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် ညပိုင်းက ပေ ၂၀ ခန့် မြေသားနံရံပြိုကျခဲ့သည့် ဝမ်လုံးကျေးရွာအုပ်စု မင်းဓမ္မတောင်ရှိ အေးငြိမ်းချမ်းသာ ဘုန်းတော်ကြီးကျောင်း၌ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဇူလိုင် ၃၁ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။



အဆိုပါ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် မြေပြိုကျမှု ထပ်မံမဖြစ်ပွားစေရန် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများကို တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မီးသတ်နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## ဘုရားသုံးဆူ၌ ရေမျောသွားသော တံတားအား ပြန်လည်တည်ဆောက်

**ဘုရားသုံးဆူ ဩဂုတ် ၁**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ သုံးဆူ-သံဖြူဇရပ်လမ်း အပလုံကျေးရွာရှိ မိုင်တိုင် (၄၅/၁) (ပြောင်မထိန်ကျေးရွာအုပ်စု)ဘေလီသံပေါင်တံတား အရှည်ပေ ၅၀၊ အကျယ် ၁၄ ပေသည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် တောင်ကျချောင်းရေနှင့်အတူ မျောပါခဲ့ရာ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းမှစ၍ မော်လမြိုင်အခြေစိုက်တံတားဦးစီးဌာန လမ်းအထူးအဖွဲ့ ၁၄ က ရက်မတွဲခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် ပြင်ဆင်တည်ဆောက်ခြင်းလုပ်ငန်း ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ကြောင်း သိရသည်။



အဆိုပါအပလုံတံတား ရေထဲမျောပါမှုကြောင့် သုံးဆူ-သံဖြူဇရပ် လမ်းပိုင်းရှိ မော်တော်ယာဉ်များ သွားလာခြင်းမရှိသေးဘဲ လူနှင့် မော်တော်ယာဉ်ငယ်များသာ စက်တပ်လှေငယ်များဖြင့် ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။

**အောင်သူဟိန်း(ပြန်/ဆက်)**



## စစ်တောင်းတာတမံ ငါးနေရာ၌ မြေပြိုကျမှုဖြစ်ပေါ်ခဲ့၍ ကြံ့ခိုင်တောင့်တင်းရန် သဲအိတ်များ ကာရံ

**ညောင်လေးပင် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ စစ်တောင်းတာတမံ မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၁ ရက် နံနက်ပိုင်းက တာမိုင်အမှတ် ၂၆ ပြင်ရေကြီးရွာ တိုက်နယ်ဆေးရုံမြေနေရာအနီး၌ ပေ ၂၀၀ ခန့် ပြိုကျခဲ့သော တာတမံအား ခိုင်ခံ့မှုရှိစေရန် ကတုတ်တန်းရိုက်ကာ မြေအိတ်၊ သဲအိတ်များချခြင်းကို အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါတာတမံသည် ၄၉ မိုင် ၁ ဖာလုံရှည်ပြီး စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် တာမိုင်အမှတ် ၂၂ မိုင်၌ တစ်နေရာ၊ ၂၄ မိုင်၌ တစ်နေရာ၊ ၂၆ မိုင်၌ နှစ်နေရာနှင့် ၂၆ မိုင် ၅ ဖာလုံ၌ တစ်နေရာ စုစုပေါင်း ငါးနေရာတို့၌ မြေပြိုမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါနေရာများအား အဖွဲ့အစည်းအသီးသီးနှင့် ကျေးရွာအုပ်စု ငါးအုပ်စုရှိ ဒေသခံပြည်သူ အင်အား ၄၀၀ ခန့်ဖြင့် ဆောင်ရွက်လျက်ရှိပြီး စိုးရိမ်စရာမရှိတော့ကြောင်း ဒေသခံများက ပြောသည်။

အလားတူ ဇူလိုင် ၃၁ ရက် ညနေက စစ်တောင်းတာမိုင် (၄၂/၇) အနီးတွင် အကျယ် ၁၀ ပေနှင့် အကျယ်ပေ ၁၀၀ ရေကျော် ပေါက်နှစ်နေရာနှင့် တာမိုင် (၄၃/၄) အနီးတွင် အကျယ် ၁၀ ပေ ရေကျော်ပေါက် နှစ်နေရာ ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**

## ❒ ဒုတိယသမ္မတမှ

အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးဖြစ်သည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဆိုသည့် ဗလငါးတန် မြှင့်တင်ပေးနိုင်ရေးဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ပေးရန်နှင့် ပွဲတော်တွင်ပါဝင်သည့် အဖွဲ့အစည်းများ ဟန်ချက်ညီစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လုံခြုံမှုရှိစေရေးအတွက် လိုအပ်သလို ချမှတ်ပေးနိုင်ရန် ဖြစ်ပါကြောင်း။

**ကျင်းပရသည့် ရည်ရွယ်ချက်**

ယင်းလုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ကျင်းပရေးလုပ်ငန်းကော်မတီကို ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အတွင်းရေးမှူးများအဖွဲ့နှင့် ဆပ်ကော်မတီ ၁၄ ခုကို ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရသည့် ရည်ရွယ်ချက်မှာ "မြန်မာလူငယ်တွေရဲ့ အသိပညာ၊ အတတ်ပညာနဲ့ ကျင့်ဝတ်တန်ဖိုး အပါအဝင် ဗလငါးတန်မြှင့်တင်ပေးနိုင်ရေးနဲ့ အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို လူငယ်တွေရဲ့ အတွေးအမြင်ကောင်းတွေ၊ အရည်အသွေးကောင်းတွေနဲ့ အကောင်အထည်ဖော် တည်ဆောက်နိုင်ဖို့" ဖြစ်ပါကြောင်း။

မြန်မာ့လူ့အဖွဲ့အစည်းကို လွတ်လပ်မှု (Freedom)၊ ဖွံ့ဖြိုးတိုးတက်မှု (Development) နှင့် ကြွယ်ဝချမ်းသာမှု (Prosperity)ဆိုသည့် အခြေခံတန်ဖိုးများဖြင့် ဖန်တီးတည်ဆောက်လျက်ရှိပါကြောင်း၊ ထိုသို့ တည်ဆောက်နိုင်ရန်အတွက် အဓိကကျသည့် လိုအပ်ချက်မှာ မိမိတို့၏ အနာဂတ်လူ့အဖွဲ့အစည်းကို ပုံ့ပိုးဖန်တီးကြမည့် လူငယ်မျိုးဆက်သစ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဆိုသည့် ဗလငါးတန်မြှင့်တင်ပေးနိုင်ရေး ပြုစုပျိုးထောင်ပေးရန်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးကို ပြန်ကြည့်ပါက နိုင်ငံတိုင်းတွင် မိမိတို့၏ အနာဂတ်လူ့ဘောင်အတွက် လူငယ်မျိုးဆက်သစ်များကို အားပေးမြှင့်တင်၍ လူသားအရင်းအမြစ် ရင်းနှီးမြှုပ်နှံမှုများအဖြစ် အင်တိုက်အားတိုက် ဆောင်ရွက်နေကြသည်ကို အားလုံးတွေ့မြင်ရမည် ဖြစ်ပါကြောင်း။

**ချိတ်ဆက်ဆောင်ရွက်**

ပထမအကြိမ် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်အတွင်း၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ အောင်မြင်စွာ ကျင်းပခဲ့ပါကြောင်း၊ အဆိုပါပွဲတော်တွင် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ လူငယ်များ၊ တက္ကသိုလ်ကျောင်းသားဟောင်းများ၊ တက္ကသိုလ်အသီးသီးမှ ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ အားလုံးပါဝင်ဆင်နွှဲခဲ့ကြသည့်အတွက် မျိုးဆက်ဟောင်းနှင့် မျိုးဆက်သစ်များအကြား ချိတ်ဆက်ဆောင်ရွက်ပေးနိုင်သော အောင်မြင်သည့် ပွဲတော်တစ်ခုအဖြစ်လည်း မြင်တွေ့ခဲ့ကြရပါကြောင်း။

ထို့ပြင် အခြေခံပညာကျောင်းသားကျောင်းသူများ၏ ပြခန်းများ၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ပြခန်းများကို စနစ်တကျပြင်ဆင်ခင်းကျင်းပြသထားသည်ကို တွေ့ရှိရပြီး လူငယ်များ၏ စကားဝိုင်းဆွေးနွေးပွဲများ၊ အနုပညာလှုပ်ရှားမှုများ၊ အားကစားလှုပ်ရှားမှုများနှင့် တေးသီချင်း သီဆိုသံများသည် ပွဲတော်ကို ပိုမိုသက်ဝင်လှုပ်ရှားစေခဲ့သည့်အတွက် မိမိတို့အနေဖြင့် ကြည်နူးဝမ်းမြောက်ရပြီး ကျင်းပပေးနိုင်ခဲ့မှုအပေါ်တွင်လည်း အားရကျေနပ်ဂုဏ်ယူရပါကြောင်း။

ယခုပြုလုပ်မည့်ပွဲတော်တွင် စာပေဆိုင်ရာလှုပ်ရှားမှု၊ အနုပညာဆိုင်ရာ လှုပ်ရှားမှု၊ အားကစားဆိုင်ရာလှုပ်ရှားမှု၊ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာလှုပ်ရှားမှုများ ပါဝင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် စာအုပ်ဈေးရောင်းပွဲတော်၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်၊ ဆွေးနွေးပွဲ၊ အဆို၊ အက၊ အတီးများနှင့် ဖျော်ဖြေမှုအစီအစဉ်များကို ကဏ္ဍအလိုက် ထည့်သွင်းဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် များစွာတာဝန်ကြီးမားခြင်းကြောင့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် လစ်ဟာမှုမရှိအောင် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

**မောင်းနှင်အားများဖြစ်**

ထို့ကြောင့် ယခုပွဲတော်တွင်ပါဝင်မည့် လှုပ်ရှားမှုများကို ရွေးချယ်ရာ၌ ဆန်းသစ်မှု၊ လူငယ်များနှင့် ရင်းနှီးကျွမ်းဝင်မှု၊ လူငယ်များကို အခြေခံမှု၊ လူငယ်များက ဦးဆောင်နိုင်မှုနှင့် အားလုံးပါဝင်နိုင်မှုများကို အခြေခံစဉ်းစားဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယနေ့ အချိန်ကာလသည် နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များ၏ စွမ်းပကား တိုးတက်မြင့်မားလာစေရန် ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်ဆောင်ရွက်ပေးနေချိန် ဖြစ်ပါကြောင်း၊ ယနေ့ လူငယ်များသည် အနာဂတ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြီးမားသည့် မောင်းနှင်အားများ ဖြစ်ပါကြောင်း။

ပွဲတော်နှင့်ပတ်သက်၍ ပြည်သူလူထုကို အသိပေးလှုံ့ဆော်သော Theme Song ကို ရုပ်မြင်သံကြား၊ သတင်းစာများနှင့် ရေဒီယိုများတွင်လည်း ဖော်ပြပေးနေသည်ကို တွေ့ရှိရပါကြောင်း၊ ယခုကဲ့သို့ လူငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်းသည် အနာဂတ် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးပေးခြင်းဖြစ်သည်နှင့်အညီ စိတ်ကောင်း၊ စေတနာကောင်းများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုပါကြောင်း။

ယခု ကျင်းပမည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပနိုင်ရေးအတွက် အစည်းအဝေးများ ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပညာပေးအစီအစဉ်များ**

ယင်းနောက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပွဲတော်တွင် ပိုမိုပြည့်စုံစေရန်အတွက် IT ကဏ္ဍ ဖြည့်စွက်ရန်အတွက် အကြံပြုချက်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဝင်များဖြစ်ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဖျော်ဖြေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူငယ်ရေးရာမူဝါဒဆိုင်ရာ ကိစ္စရပ်များနှင့် အသိပညာပေးအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပွဲတော်ကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရှင်းလင်းတင်ပြပြီး လုံခြုံရေးဆပ်ကော်မတီ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုဆပ်ကော်မတီ၊ အနုပညာဆိုင်ရာလှုပ်ရှားမှု ဆပ်ကော်မတီ၊ IT နည်းပညာဆိုင်ရာ လှုပ်ရှားမှုဆပ်ကော်မတီ၊ ပြပွဲပြိုင်ပွဲများ ကျင်းပရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီနှင့် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်

# မြန်မာ-နီပေါ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ ဇူလိုင် ၃၀ ရက်က ကျင်းပခဲ့သည့် မြန်မာ-နီပေါ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဩဂုတ် ၁ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲ မကျင်းပမီ ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ အစီအမံ ထူထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများအား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ခတ္တမန္ဒူမြို့ Hotel Yak and Yeti ၌ ကျင်းပသည်။

ထို့နောက် ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် နီပေါနိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Shanker Das Bairagi တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြသည်။ အစည်းအဝေးသို့ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးနေလင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံး၊ ခတ္တမန္ဒူတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်သွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ပေါင်းစပ်ဆက်သွယ်မှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ဒေသတွင်း အစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကဏ္ဍများကို ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နီပေါနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန် Mr. Shanker Das Bairagi က မြန်မာကိုယ်စားလှယ်အဖွဲ့အား အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် မြန်မာသံရုံးသို့ သွားရောက်ကာ သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

အမြဲတမ်းအတွင်းဝန် ဦးမြင့်သူသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် နီပေါပြည်ထဲရေးဝန်ကြီးနှင့် ခေတ္တနိုင်ငံခြားရေးဝန်ကြီး Mr. Ram Bahadur Thapa အား နီပေါပြည်ထဲရေးဝန်ကြီးဌာန၌ သွားရောက် ဂါရဝပြုတွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် ပြည်ဝင်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်အရ နှစ်နိုင်ငံမှ သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများသည် ပြည်ဝင်ဗီဇာမလိုဘဲ ရက်ပေါင်း ၉၀ အထိ နေထိုင်နိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

■

# အခွန်အယူခံခုံအဖွဲ့ဥပဒေပြဋ္ဌာန်း

**အခွန်အယူခံခုံအဖွဲ့ဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃ ။)**
**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အခွန်အယူခံခုံအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အခွန်**ဆိုသည်မှာ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဇယား (၁) ပါ အခွန်အကောက်အားလုံးနှင့် အကောက်ခွန်တို့ ပါဝင်သည်။

(ခ) **ခုံအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော အခွန်အယူခံခုံအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် အမှုများကို ကြားနာစစ်ဆေးရန် အဖွဲ့ဝင် သုံးဦးဖြင့်ဖြစ်စေ၊ စုံညီခုံအဖြစ်ဖြစ်စေ ဖွဲ့စည်းသည့် အဖွဲ့များလည်း ပါဝင်သည်။

(ဂ) **ဥက္ကဋ္ဌ**ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ခုံအဖွဲ့၏ဥက္ကဋ္ဌကို ဆိုသည်။

(ဃ) **အဖွဲ့ဝင်** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အခွန်အယူခံခုံအဖွဲ့၏ အဖွဲ့ဝင်ကို ဆိုသည်။

(င) **ခုံအဖွဲ့ခေါင်းဆောင်**ဆိုသည်မှာ အဖွဲ့ဝင်သုံးဦးပါဝင်သော ခုံအဖွဲ့တွင် ဥက္ကဋ္ဌက တာဝန်ပေးအပ်သော အဖွဲ့ခေါင်းဆောင်ကိုဆိုသည်။

(စ) **ခုံအဖွဲ့ရုံး**ဆိုသည်မှာ ခုံအဖွဲ့၏ ရုံးလုပ်ငန်းများကို ဆောင်ရွက်ရန် တည်ထောင်ထားသော အခွန်အယူခံခုံအဖွဲ့ရုံးကို ဆိုသည်။

(ဆ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ခုံအဖွဲ့ရုံး၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဇ) **ဒုတိယညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ခုံအဖွဲ့ရုံး၏ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဈ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ခုံအဖွဲ့ရုံးက အခွန်အယူခံဆိုင်ရာ အမှုတွဲများကို မှတ်ပုံတင်ရန် သတ်မှတ်တာဝန်ပေးထားသည့် ဦးစီးအရာရှိအဆင့်အောက်မနိမ့်သော နိုင်ငံ့ဝန်ထမ်းကိုဆိုသည်။

(ည) **အမှု**ဆိုသည်မှာ ဤဥပဒေအရ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု သို့မဟုတ် လွှဲအပ်မှုကို ဆိုသည်။

(ဋ) **အယူခံမှု**ဆိုသည်မှာ သက်ဆိုင်ရာ ပြည်တွင်းအခွန်များကို တာဝန်ယူကောက်ခံသည့် ဌာနများက ချမှတ်သည့် အခွန်ဆိုင်ရာအမိန့်ကို မကျေနပ်၍ သော်လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ချမှတ်သည့် အခွန်ဆိုင်ရာအမိန့်ကို မကျေနပ်၍သော် လည်းကောင်း၊ အစိုးရအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက ချမှတ်သည့် အခွန်ဆိုင်ရာ အပြီးသတ် ဆုံးဖြတ်ချက်တစ်ခုခုအပေါ် မကျေနပ်၍သော်လည်းကောင်း ခုံအဖွဲ့ထံ အယူခံသည့်အမှုကို ဆိုသည်။

(ဌ) **ပြင်ဆင်မှု**ဆိုသည်မှာ ခုံအဖွဲ့က ချမှတ်သည့်အမိန့်တွင် အမှုအကြောင်းခြင်းရာနှင့် ပတ်သက်၍ နစ်နာသူက ဥပဒေနှင့်အညီ ပြန်လည်စိစစ်ပြင်ဆင်ပေးရန် ခုံအဖွဲ့သို့ ပြန်လည်တင်ပြသည့် အမှုကိုဆိုသည်။

(ဍ) **ပြန်လည်သုံးသပ်မှု**ဆိုသည်မှာ ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူ တစ်ဦးဦးသည် ခုံအဖွဲ့က ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်ပေးပါရန် ခုံအဖွဲ့သို့ပင် ပြန်လည်လျှောက်ထားသည့်အမှုကို ဆိုသည်။

(ဎ) **လွှဲအပ်မှု**ဆိုသည်မှာ ခုံအဖွဲ့သို့ တင်သွင်းလာသည့် အမှုတွင် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စဖြစ်သဖြင့် စုံညီခုံအဖွဲ့က ကြားနာစိစစ်ပြီးနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးပို့သည့်အမှုကို ဆိုသည်။

(ဏ) **သတ်မှတ်ပုံစံ**ဆိုသည်မှာ ခုံအဖွဲ့က ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် အမှုများ တင်သွင်းလျှောက်ထားရန် သတ်မှတ်သည့်ပုံစံကို ဆိုသည်။

(တ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအဖွဲ့ကို ဥပဒေနှင့်အညီ သီးခြားလွတ်လပ်သော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်း၍ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်အမျိုးမျိုးနှင့် စပ်လျဉ်းသည့်အမှုများကို လွှမ်းခြုံကြားနာ စစ်ဆေးဆောင်ရွက်စေရန်၊

(ခ) နိုင်ငံတော်က ဥပဒေနှင့်အညီ အခွန်စည်းကြပ်ကောက်ခံရာတွင် စွမ်းဆောင်ရည်မြင့်မားသော အခွန်စီမံခန့်ခွဲမှုဖြစ်စေရန်နှင့် အခွန်ထမ်းများ၏ ယုံကြည်ကိုးစားမှုကို ရရှိစေရန်၊

(ဂ) နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်များကို ပေးဆောင်ရာ၌ တန်းတူညီမျှမှုနှင့် တရားမျှတမှု အခွင့်အရေးရရှိစေရန်၊

(ဃ) နိုင်ငံသားနှင့် အခွန်ထမ်းတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်များကို ပေးဆောင်ရာ၌ ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့် ပွင့်လင်းမြင်သာသော အယူခံပိုင်ခွင့် ရရှိစေရန်။

**အခန်း(၃)**
**ခုံအဖွဲ့ ဖွဲ့စည်းခြင်း**

၄။ အစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ခုံအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် အနည်းဆုံးငါးဦးမှ အများဆုံးကိုးဦး ထက်မပိုသော ခုံအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁) အစိုးရအဖွဲ့က တာဝန်ပေးအပ်သောပုဂ္ဂိုလ်တစ်ဦး ဥက္ကဋ္ဌ

(၂) ဥပဒေ၊ အခွန်၊ စာရင်းကိုင်၊ စာရင်းစစ်တို့နှင့် သက်ဆိုင်သည့် နယ်ပယ်များတွင် တစ်ဆယ်နှစ်နှင့်အထက် တာဝန်ယူဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရင့်ကျက်သူ သို့မဟုတ် ကျွမ်းကျင်ပညာရှင် အဖွဲ့ဝင်

(ခ) နိုင်ငံ့ဝန်ထမ်းအား အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ပါက တာဝန်ပေးအပ်သည့်နေ့မှစ၍ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ အငြိမ်းစားယူခွင့်ပြုရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသည့် ခုံအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ (က) ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏သက်တမ်းသည် ခုံအဖွဲ့စတင်ဖွဲ့စည်းသည့်နေ့ရက်မှ ငါးနှစ်ဖြစ်သည်။

(ခ) ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များသည် သက်တမ်းကုန်ဆုံးသည့်အခါ အစိုးရအဖွဲ့က ခုံအဖွဲ့အသစ် ဖွဲ့စည်းတာဝန် ပေးအပ်ပြီးသည့်အချိန်ထိ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များသည် တစ်ဆက်တည်း သက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရ။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာ လစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက အစားထိုးခန့်ထားသည့် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏ သက်တမ်းသည် မူလကျန်ရှိသည့် သက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်ရမည်။

(င) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလသည် ဤဥပဒေအရ သတ်မှတ်ထားသော သက်တမ်းကာလ၏ ထက်ဝက်မကျော်လျှင် သက်တမ်းကာလတစ်ခုအဖြစ် မသတ်မှတ်ရ။

(စ) ခုံအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံးတစ်လလျှင် တစ်ကြိမ် ကျင်းပရမည်။

၆။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းမပြုရ-

(က) တည်ဆဲဥပဒေတစ်ခုခုအရ စိတ်ပေါ့သွပ်သူဟု သတ်မှတ်ခံရခြင်း၊

(ခ) အကျင့်စာရိတ္တဆိုင်ရာပြစ်မှုတစ်ခုခုဖြင့် ထောင်ဒဏ်ကျခံဖူးသူဖြစ်ခြင်း၊

(ဂ) လူမွဲအဖြစ် သက်ဆိုင်ရာတရားရုံးက ဆုံးဖြတ်ကြေညာခံထားရသူဖြစ်ခြင်း၊

(ဃ) အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသည့်သူ သို့မဟုတ် ၎င်းလုပ်ငန်းတစ်ခုခု၏ ဝန်ထမ်းဖြစ်ခြင်း။

၇။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် မိမိ၏ ဆန္ဒအလျောက် နုတ်ထွက်ရန် အစိုးရအဖွဲ့သို့ တင်သွင်းပါက ခုံအဖွဲ့၏ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရမည်။

၈။ (က) အဖွဲ့ဝင်များသည်အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

(ခ) အဖွဲ့ဝင်များအား ချီးမြှင့်သော ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခုံအဖွဲ့ရုံး၏ ဘဏ္ဍာငွေမှ ကျခံရမည်။

၉။ အစိုးရအဖွဲ့သည်-

(က) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက တာဝန်ထမ်းဆောင်ရာတွင် ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်းတွေ့ရှိလျှင်ဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ခုံအဖွဲ့၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အခြေအနေတစ်ရပ်ရပ်ရှိလျှင်ဖြစ်စေ၊ တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိလျှင်ဖြစ်စေ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တာဝန်မှ ရပ်စဲရမည်။

(ခ) ထိုသို့ ရပ်စဲရခြင်းအကြောင်းအရင်းနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာပေးရမည်။

(ဂ) လစ်လပ်သွားသော ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာကို အစားထိုးခန့်အပ်တာဝန်ပေးရမည်။

၁၀။ လစ်လပ်သောနေရာသည် ဥက္ကဋ္ဌနေရာဖြစ်ပါက အစိုးရအဖွဲ့မှ အသစ်ဖြည့်စွက်တာဝန်ပေးအပ်ခြင်း မပြုနိုင်မီ အဖွဲ့ဝင်တစ်ဦးဦးအား ဥက္ကဋ္ဌနေရာတွင် ယာယီတာဝန်ပေးအပ်ရမည်။

**အခန်း(၄)**
**ခုံအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၁၁။ ခုံအဖွဲ့သည် ခုံအဖွဲ့သို့ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရမည်။

၁၂။ လျှောက်ထားသူ သို့မဟုတ် လျှောက်ထားခံရသူက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် လျှောက်ထားလာသည့်အခါဖြစ်စေ၊ လွှဲအပ်ရန် အကြောင်းပေါ်ပေါက်လာသည့်အခါဖြစ်စေ အဖွဲ့ဝင်အားလုံးပါဝင်သော စုံညီခုံအဖွဲ့က လွှဲအပ်မှုအဖြစ် ဆောင်ရွက်ရန်သင့် မသင့် ဆုံးဖြတ်ရမည်။

၁၃။ ပုဒ်မ ၁၂ အရ ဆုံးဖြတ်ရာတွင်-

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်သင့်ကြောင်း ဆုံးဖြတ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်မှုအဖြစ် ပေးပို့ရမည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက အမှုကို ဆက်လက်စစ်ဆေးဆုံးဖြတ်ရမည်။

၁၄။ ခုံအဖွဲ့သည်-

(က) အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို တောင်းခံနိုင်သည်။ ယင်းသို့တောင်းခံပါက အဆိုပါ စာရွက်စာတမ်းများကို လက်ဝယ်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် ဌာန၊ အဖွဲ့အစည်းများက တင်ပြရမည်။

(ခ) အမှုနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်များကို သက်သေအဖြစ် လာရောက်အစစ်ဆေးခံရန် ဆင့်ဆိုရမည်။ ယင်းသို့ဆင့်ဆိုပါလျက် သက်သေမှ အကြောင်းမဲ့ပျက်ကွက်ပါက တစ်ဖက်သတ် ဆုံးဖြတ်နိုင်သည်။

(ဂ) ခုံအဖွဲ့သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြရန်ခက်ခဲသော အမှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို လိုအပ်ပါက ကွင်းဆင်းကြည့်ရှုနိုင်သည်။ အဆိုပါပစ္စည်းများနှင့် စပ်လျဉ်း၍ စာရင်းဇယားများနှင့် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများ၏ တင်ပြချက် အစီရင်ခံစာကိုလည်း သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ လက်ခံဆောင်ရွက်နိုင်သည်။

၁၅။ ခုံအဖွဲ့သည် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ မူလဆုံးဖြတ်ချက်များအပေါ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၁၆။ ခုံအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်သော အမှုများတွင် အမှုအကြောင်းခြင်းရာ ပြဿနာနှင့် စပ်လျဉ်း၍ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည်-

(က) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ကြားနာစစ်ဆေးမည့် အမှုတွဲများကို စိစစ်တင်ပြရမည်။

(ခ) တင်သွင်းလာသည့် အမှုများကို ကြားနာစစ်ဆေးမည့် ရက်ချိန်း သတ်မှတ်ပေးနိုင်ရန် ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ခုံအဖွဲ့အနေဖြင့် အမှုများကို စီရင်ဆုံးဖြတ်ခြင်းပြုရာ၌ အထောက်အကူရစေရန် ကြားနာစစ်ဆေးပြီးစီးသည့် အမှုများနှင့်သက်ဆိုင်သည့် အမှုမှတ်စုများကို ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များထံ တင်ပြရမည်။

(ဃ) ခုံအဖွဲ့က အမှုများကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်သည့် ကိစ္စရပ်များတွင် ကြားနာစစ်ဆေးမှုနှင့်သက်ဆိုင်သည်များကို ဆောင်ရွက်ပေးရမည်။

၁၈။ ခုံအဖွဲ့သည် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မှတ်ပုံတင်အရာရှိတို့၏ တာဝန်ဝတ္တရားများနှင့် စပ်လျဉ်း၍ ထုတ်ပြန်သတ်မှတ်နိုင်သည်။

**အခန်း(၅)**
**ခုံအဖွဲ့သို့ အမှုတင်သွင်းခြင်း**

၁၉။ (က) ခုံအဖွဲ့သို့ အမှုတင်သွင်းသူသည် မိမိ၏အမှုကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ အကျိုးဆောင်ရှေ့နေဖြင့်ဖြစ်စေ သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) ကိုယ်တိုင်မဟုတ်ဘဲ ကိုယ်စားလှယ်ဖြင့် လျှောက်ထားပါက သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲအပ်သည့် ကိုယ်စားလှယ်လွှဲစာ ပါရှိရမည်။

(ဂ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ခုံအဖွဲ့ရှေ့မှောက်တွင် ဌာန၏ကိုယ်စား အမှုနှင့်စပ်လျဉ်း၍ လိုက်ပါဆောင်ရွက်ရန်အတွက် ဦးစီးအရာရှိအဆင့်အောက် မနိမ့်သော ပုဂ္ဂိုလ်အား တာဝန်ပေးရမည်။

၂၀။ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့် ပြည့်စုံသည့်အမှုတွဲများကို သတ်မှတ်ရက်အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

**အခန်း(၆)**
**ကြားနာခြင်း၊ အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ရုပ်သိမ်းခြင်း**

၂၁။ ဥက္ကဋ္ဌသည်-

(က) အမှုများကို ကြားနာစစ်ဆေးရာတွင် ခုံအဖွဲ့တစ်ဖွဲ့လျှင် မိမိအပါအဝင်ဖြစ်စေ၊ အခြားအဖွဲ့ဝင်များဖြင့်ဖြစ်စေ သုံးဦးစီ ပါဝင်ဆောင်ရွက်ရန် ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသည့် ခုံအဖွဲ့၏အဖွဲ့ဝင်များကို လိုအပ်ပါက ပြောင်းလဲဖွဲ့စည်းနိုင်သည်။

၂၂။ ခုံအဖွဲ့ရှေ့မှောက်၌ အမှုများကို ကြားနာသည့်အခါ-

(က) ကြားနာမည့်နေ့ရက်ကို အနည်းဆုံး ခုနစ်ရက် ကြိုတင်၍ ကြေညာရမည်။

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ နှင့် အီလက်ထရွန်နစ်မှတ်ပုံတင်စနစ် ထုတ်လွှင့်ကြောင်းကြေညာခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁**

ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကုမ္ပဏီများအတွက် အခြေခံကျသည့် ဥပဒေမူဘောင်တစ်ခုဖြစ်သော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၂၀၁၇ သည် ဩဂုတ် ၁ ရက်တွင် စတင်အာဏာတည်မည်ဖြစ်သဖြင့် ယင်းဥပဒေအာဏာစတင်တည်မည့် အထိမ်းအမှတ်ကြေညာခြင်းအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာအရာရှိများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ ဥပဒေအကျိုးဆောင်များနှင့် မီဒီယာများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသည် စီးပွားရေးကဏ္ဍတစ်ခုလုံးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းလာမည့် ဥပဒေဆိုင်ရာပြောင်းလဲမှုတစ်ခုဖြစ်ကြောင်း၊ ကုမ္ပဏီများအတွက် လုပ်သာကိုင်သာရှိမှုနှင့် ဥပဒေကိုလိုက်နာရမည့် ဝန်ထုပ်ဝန်ပိုးများမဖြစ်အောင် ရည်ရွယ်ပြင်ဆင်ထားခြင်းကြောင့် ကုမ္ပဏီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ စီးပွားရေးကဏ္ဍအခြေခံကျသော ဥပဒေတစ်ခုကျင့်သုံးနိုင်ရန်နှင့် အီလက်ထရွန်နစ် မှတ်ပုံတင်စနစ် အကောင်အထည်ဖော်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ပေးပါသော သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို မှတ်တမ်းတင်အပ်ကြောင်း၊ ဤကုမ္ပဏီမှတ်ပုံတင်စနစ်သစ်ကိုအခြေခံ၍ စီးပွားရေးလုပ်ငန်းစဉ် တစ်လျှောက်လုံးတွင်




ရှိသော ဆက်စပ်အစိုးရဌာန အဖွဲ့အစည်းများနှင့်လည်း ပိုမိုညှိနှိုင်းဆောင်ရွက်၍ စီးပွားရေးဝန်းကျင်တစ်ခုလုံး ချောမွေ့အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ သည် ပွင့်လင်းမြင်သာမှုကို အခြေခံထားပြီး ကုမ္ပဏီမှတ်ပုံတင် လုပ်ငန်းစဉ်များနှင့် ဥပဒေကို လိုက်နာဆောင်ရွက်ရသောကုမ္ပဏီများအတွက် လွယ်ကူသက်သာစေရန် ဆောင်ရွက်ပေးထားကြောင်း၊ ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ရာတွင် မူဝါဒအရပြောင်းလဲဆောင်ရွက်ခြင်းများအပြင် လုပ်ငန်းစဉ်များဆိုင်ရာပြောင်းလဲမှုများအတွက် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ထူးခြားပြောင်းလဲမှုများသည် စီးပွားရေးအဖွဲ့အစည်းများအတွက် အခွင့်အလမ်းများ ပိုမိုရရှိအောင် လမ်းဖွင့်ပေးထားခြင်းဖြစ်ကြောင်း၊ အခွင့်အလမ်းများကို အမိအရဖမ်းဆုပ်နိုင်ရန် တိုက်တွန်းလိုပါကြောင်း၊ ဥပဒေအရ ကုမ္ပဏီများအပေါ် ကြီးကြပ်ဆောင်ရွက်ရာတွင် ယနေ့ခေတ်နည်းပညာ အထောက်အပံ့ဖြင့် ဆောင်ရွက်ထားသဖြင့် လိုက်နာသူများဘက်မှ လွယ်ကူသလို ကြီးကြပ်ဆောင်ရွက်သူများဘက်မှ သေချာမှုကို ရရှိစေမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်သည် နိုင်ငံတကာအလေ့အထတစ်ခုဖြစ်သဖြင့် လိုက်နာဆောင်ရွက်သူများအဖို့ အကျွမ်းတဝင်ရှိမည်ဖြစ်ကြောင်း၊ ဥပဒေသစ်အရ နိုင်ငံခြားငွေအရင်းအနှီးများ ပိုမိုထည့်ဝင်နိုင်အောင် လမ်းဖွင့်ပေးထားခြင်းကြောင့်လည်း နိုင်ငံသားများနှင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အထကောင်းများမှ တစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်ကောင်းတစ်ခု ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဥပဒေတွင် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအလေ့အထကောင်းများ ပါဝင်ခြင်း၊ ဥပဒေအရ ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ တာဝန်ဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ တာဝန်ရှိမှုများကိုရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်ထားသဖြင့် အနာဂတ်မြန်မာနိုင်ငံစီးပွားရေးဝန်းကျင်တစ်ခုလုံးသည် နည်းမှန်လမ်းမှန်ဖြင့် အောင်မြင်တိုးတက်မှုရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစီအစဉ်အရ ညွှန်ကြားရေးမှူး ဦးမျိုးမင်းက အီလက်ထရွန်နစ်မှတ်ပုံတင်စနစ် MyCO နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ကုမ္ပဏီမှတ်ပုံတင်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို သရုပ်ပြ ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်

**နေပြည်တော် ဩဂုတ် ၁**

မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန်နှင့် ဟပ္ပလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ရေဘေးဖြစ်ပွားမှုအတွက် ယနေ့အထိ ထောက်ပံ့မှုစာရင်းချုပ်အရ ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၅၀၂၁၃၁၀၀ တန်ဖိုးရှိ ဆန်ရိက္ခာ၊ ငွေကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ အိမ်ဆောက်ကျောင်းဆောက်ပစ္စည်း၊ ငွေကျပ် ၃၂၄၁၃၂၀၀ တန်ဖိုးရှိ အခြားထောက်ပံ့မှုများ၊ ငွေကျပ် ၁၁၁၆၇၀၅၆ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းနှင့် သဘာဝဘေးရန်ပုံငွေမှ ထောက်ပံ့မှုအနေဖြင့် ငွေကျပ် သိန်း ၁၀၀၀ ကို လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၁၃၉၂၀၉၀၀ တန်ဖိုးရှိ ဆန်ရိက္ခာ၊ ငွေကျပ် ၆၅၂၁၇၁၀ တန်ဖိုးရှိ အခြားထောက်ပံ့မှုများနှင့် သဘာဝဘေးရန်ပုံငွေမှ ထောက်ပံ့မှုအနေဖြင့် ငွေကျပ် သိန်း ၁၀၀၀ ကို လည်းကောင်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၃၁ ရက် ညနေပိုင်းက ဘားအံမြို့နယ်မှ ရေဘေးကယ်ဆယ်ရေးစခန်း ၁၆ ခု၊ အိမ်ထောင်စု ၂၀၈၀ ကျော်၊ လူဦးရေ ၁၀၅၀၀ ကျော်ခန့်နှင့် ရေနစ်မြုပ်ခံရသော ကျေးရွာများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စေတနာရှင် အလှူရှင်များနှင့် ဝေဠုကျော်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကာ သောက်ရေသန့်နှင့် စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့ပေးခဲ့သည်။

**သတင်းစဉ်**



# မြန်မာ-အိန္ဒိယ နယ်စပ် ဝင်၊ ထွက်ပေါက်အား Border Pass စနစ်ဖြင့် ခွင့်ပြုပေးတော့မည်

**ရိခေါဒါရ် ဩဂုတ် ၁**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နယ်စပ် ဝင်၊ ထွက်ပေါက်အား Border Pass စနစ်ဖြင့် ဖြတ်သန်းသွားလာခွင့်ပြုနိုင်ရေး အတွက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံမှ ပြီးခဲ့သည့် မေ ၁၀ ရက်က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ဩဂုတ် ၈ ရက်တွင် မြန်မာ-အိန္ဒိယ နိုင်ငံတကာ နယ်စပ် ဝင်၊ ထွက်ပေါက် ဖွင့်ပွဲအခမ်းအနား ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲ ကျင်းပပြီးစီးပါက Border Pass Permit စနစ်နှစ်မျိုးဖြစ်သည့် BP (Border Pass) စနစ်နှင့် TBP (Temporary Border Pass)စနစ်ဖြင့် ဖြတ်သန်းသွားလာခွင့်ပြုပေးသွားမည်ဖြစ်ပြီး BP စနစ်ဖြင့် ဖလမ်းခရိုင်အတွင်း ၁၄ ရက် ၁၃ ညအိပ်ခွင့်ဖြင့် လည်းကောင်း၊ TBP စနစ်ဖြင့် ခုနစ်ရက် ခြောက်ညအိပ်ခွင့်ဖြင့် ဖလမ်းခရိုင်အတွင်း ဝင်၊ ထွက် သွားလာခွင့်ပြုပေးတော့မည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတကာ ဝင်၊ ထွက်ပေါက်တစ်ခုအဖြစ်လည်း အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ရိခေါဒါရ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတေဇာလင်းထံမှ သိရသည်။

လက်ရှိအခြေအနေ၌ နယ်စပ်တံတား ဖြတ်သန်းသွားလာခွင့်ကို တစ်ဖက်အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်မှ ရိဒ်ရေကန်အပန်းဖြေလေ့လာရေးခရီးအား နေ့ချင်းပြန် ဝင်၊ ထွက်သွားလာခွင့်ဖြင့် ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။ **ရိခေါဒါရ် (ပြန်/ဆက်)**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မြန်မာနိုင်ငံဘက်ခြမ်း မောင်တောမြို့ အမှတ်(၁) ဝင်၊ ထွက်စစ်ဆေးရေးစခန်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ အမှတ်(၂) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး နေမျိုးသူ ဦးစီး ၁၀ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အမှတ်(၂) နယ်ခြားစောင့်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး Md. Asadud-Zaman Chowdhury ဦးစီး ၁၀ ဦးတို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသ၌ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု အခြေအနေများကို သတင်းဖလှယ်၍ ကွင်းဆက်များ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးလုပ်ငန်းများကို ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ နယ်စပ်ဒေသတွင် ARSA လှုပ်ရှားမှုများနှင့်ပတ်သက်၍ ရရှိသောသတင်းများကို ဖလှယ်၍ အတည်ပြုစုံစမ်းပေါင်းစပ်ဆောင်ရွက်နိုင်ရေးနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်၊ သတင်းအချက်အလက်များ ဖလှယ်ရာတွင် ခိုင်လုံတိကျသော သတင်းများ ပေးပို့နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများနှင့် ပတ်သက်သော ကိစ္စရပ်များ၊ အလံတင်အစည်းအဝေးများ ပုံမှန်ဆောင်ရွက်သွားရန်ကိစ္စများနှင့် နှစ်နိုင်ငံညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်မည့် အစီအစဉ်တို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# တရုတ်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် ထပ်မံတိုးမြှင့်ရန် အမေရိကန်လုပ်ဆောင်ဖွယ်ရှိ

**ဝါရှင်တန် ဩဂုတ် ၁**

အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ တန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများပေါ်တွင် သွင်းကုန်ခွန် (ကုန်သွယ်စည်းကြပ်ခွန်) ၂၅ ရာခိုင်နှုန်း ထပ်မံတိုးမြှင့်ကောက်ခံရေးကိစ္စကို သမ္မတဒေါ်နယ်ထရန့်က စဉ်းစားသုံးသပ်လျက်ရှိကြောင်း မီဒီယာများ၏ရေးသားဖော်ပြချက်များအရ သိရသည်။

အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိ တရုတ်ထုတ်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းကောက်ယူရန် ဆုံးဖြတ်ခဲ့ပြီးနောက် နောက်ထပ်ဒေါ်လာ ၁၆ ဘီလီယံတန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုမြှင့်တင်ရန်လည်း စီစဉ်ဆောင်ရွက်ခဲ့ကြောင်း တာဝန်ရှိသူများက ဝါရှင်တန်ပို့စ်သတင်းစာနှင့် ဘလွမ်းဘတ်သတင်းဌာနတို့သို့ ပြောကြားကြသည်။

ကနဦးတွင် ဒေါ်လာဘီလီယံ ၂၀၀ တန်ဖိုးရှိ တရုတ်ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန် ၁၀ ရာခိုင်နှုန်း စည်းကြပ်မည်ဟု သမ္မတထရန့်က ခြိမ်းခြောက်ခဲ့သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားနေမှုကို ဖော်ကျူးသောလုပ်ဆောင်ချက်အဖြစ် သတင်းဌာနများက ရေးသားဖော်ပြကြသည်။

သို့ရာတွင် ဈေးကွက်များမှာ တည်ငြိမ်နေဆဲဖြစ်သဖြင့် နှစ်နိုင်ငံတာဝန်ရှိသူများအနေဖြင့် ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်မည့် အလားအလာရှိနေကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင်၂၀၁၇ ခုနှစ် အခြေပြစာရင်းအရ ဒေါ်လာ ၃၇၆ ဘီလီယံကုန်သွယ်ရေး လိုငွေပြခဲ့သည်။

**အေအက်ဖ်ပီ**

# ဆိုက်ဘာလုံခြုံရေးစင်တာတစ်ခု အမေရိကန်တွင် ထူထောင်မည်

**ဝါရှင်တန် ဩဂုတ် ၁**

ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်ကို ကာကွယ်နိုင်မည့် ဆိုက်ဘာလုံခြုံရေးစင်တာတစ်ခုကို အမေရိကန်ပြည်ထောင်စုတွင် ထူထောင်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရအဖွဲ့က ယနေ့ပြောကြားခဲ့သည်။ ဇူလိုင် ၃၁ ရက်က နယူးယောက်မြို့တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် အမျိုးသား ဆိုက်ဘာလုံခြုံရေးထိပ်သီးအစည်းအဝေးတွင် အထက်ပါ ဆိုက်ဘာတိုက်ခိုက်မှုကာကွယ်ရေးစင်တာထူထောင်ရေး အစီအစဉ်တစ်ရပ်ကို ပြည်ထဲရေးဝန်ကြီး ကက်စ်ဂျင်နီးလ်ဆန်က အကြံပြုတင်ပြခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရုရှားနိုင်ငံ၏ ဝင်ရောက်စွက်ဖက်ခဲ့မှုအပါအဝင် အမေရိကန်ပြည်ထောင်စုတစ်ဝန်း၌ အခြားသောနိုင်ငံများ၏ ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်ကိုရင်ဆိုင်နေရချိန်တွင် ဆိုက်ဘာလုံခြုံရေးစင်တာထူထောင်မည့် အစီအစဉ်ကို ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အမေရိကန်အုပ်ချုပ်ရေး အဆင့်မြင့်အရာရှိကြီးများနှင့် ဘဏ္ဍာရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များက သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ရုရှားသာမက တရုတ်၊ မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံများကလည်း ၎င်းတို့၏ ဆိုက်ဘာတိုက်ခိုက်မှု စွမ်းရည်ကို အဆင့်မြင့်နည်းပညာများဖြင့် တိုးတက်ပြောင်းလဲလျက်ရှိကြောင်း အမေရိကန်ဒုတိယသမ္မတမိုက်ပန့်စ်က သတိပေးပြောကြားခဲ့သည်။

ဘဏ်များ၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများကို ရည်ရွယ်ကာ ဆိုက်ဘာတိုက်ခိုက်မှုများ အဆက်မပြတ်လုပ်ဆောင်လျက်ရှိသည့်အတွက် အစိုးရအုပ်ချုပ်ရေးအဖွဲ့နှင့် ပြည်သူ့ကဏ္ဍတို့ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း အစည်းအဝေး တက်ရောက်သူများက ဆွေးနွေးပြောကြားကြသည်။

အဆိုပါ ဆိုက်ဘာလုံခြုံရေးစင်တာက ပြည်ထဲရေးဌာနရှိ ရုံးများတွင် ရုံးခန်းများဖွင့်လှစ်ထားကာ ကျွမ်းကျင်ပညာရှင်များ သုံးလအတွင်း ထားရှိမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သော ရွေးကောက်ပွဲတွင် ရုရှားနိုင်ငံက ဝင်ရောက်စွက်ဖက်ခဲ့သည်ဟု ထင်မြင်ယူဆမှုအပေါ် အမေရိကန်သမ္မတထရန့်က စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ သမ္မတထရန့်အား ကန့်ကွက်ရှုတ်ချမှုများကို ကာကွယ်ရန် အမေရိကန်အုပ်ချုပ်ရေးအဖွဲ့က ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်ကို အဆင့်မြှင့်တင်ခြင်းဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

**အင်န်အိတ်ချ်ကေ**



# အဏုမြူဗုံးဒဏ်ခံ နာဂါဆာကီမြို့သို့ ကုလသမဂ္ဂအကြီးအကဲ သွားရောက်မည်

**နယူးယောက် ဩဂုတ် ၁**

လာမည့်သီတင်းပတ်တွင် နာဂါဆာကီမြို့၌ ကျင်းပမည့် အမေရိကန်၏ အဏုမြူဗုံးကြဲချခံရမှု ၇၃ နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားသို့ ကုလသမဂ္ဂ အကြီးအကဲ အန်သော်နီယိုဂူးတဲရက်ရှ် တက်ရောက်မည်ဖြစ်ကြောင်း၊ ယင်းသို့သော အခမ်းအနားသို့ ကုလသမဂ္ဂအကြီးအကဲတစ်ဦး တက်ရောက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ဩဂုတ် ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

မစ္စတာဂူးတဲရက်ရှ်သည် ဩဂုတ် ၇ ရက်မှ ၉ ရက်အထိ ဂျပန်သို့ သွားရောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ကြေညာသည်။ နာဂါဆာကီမြို့ အုပ်ချုပ်ရေးမှူး တိုမိဟီစတာ့ အူအဲနှင့်တကွ အဏုမြူဗုံးဒဏ်သင့်ခဲ့ရသူ "ဟီဘာ့ကုရှ"အချို့နှင့် တွေ့ဆုံရန် ဂူးတဲရက်ရှ်က စီစဉ်ထားကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မစ္စတာဂူးတဲရက်ရှ်သည် ဩဂုတ် ၉ ရက်တွင် နာဂါဆာကီအဏုမြူဗုံးပြတိုက်သို့ သွားရောက်ပြီး အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

နျူကလီးယား လက်နက်များဖျက်သိမ်းရန် ကုလသမဂ္ဂက တိုက်တွန်းလျက် ရှိသော်လည်း အမေရိကန်ပြည်ထောင်စုနှင့် ရုရှားတို့အကြား ဆွေးနွေးမှုများ ရပ်တန့်နေကြောင်း၊ ကမ္ဘာပေါ်ရှိ နျူကလီးယားလက်နက်များ၏ ၉၀ ရာခိုင်နှုန်းကို ယင်းနှစ်နိုင်ငံက ပိုင်ဆိုင်ထားကြကြောင်း ၎င်းကပြောကြားသည်။

နျူကလီးယားလက်နက်ပိုင်သောနိုင်ငံများနှင့် နျူကလီးယားလက်နက်ပိုင်ဆိုင်မှုမရှိသော နိုင်ငံများအကြား သဘောထားကွဲလွဲမှုမှာ နက်ရှိုင်းနေဆဲဖြစ်သည်။ လွန်ခဲ့သည့်နှစ် ဇူလိုင်လက နျူကလီးယားလက်နက်တားမြစ်ပိတ်ပင်ရေးဆိုင်ရာ စာချုပ်ကို အတည်ပြုခဲ့ကြသော်လည်း လက်နက်ဖျက်သိမ်းရေးကိစ္စမှာ အလှမ်းကွာဝေးနေဆဲဖြစ်သည်ဆို၏။

၁၉၄၅ ခုနှစ် ဩဂုတ် ၆ ရက်၌ အမေရိကန်လေတပ်သည် ဟီရိုရှီးမားမြို့ပေါ်တွင် အဏုမြူဗုံးတစ်လုံးကို ပထမဦးဆုံးအကြိမ် ကြဲချခဲ့သည်။

ထိုအဏုမြူဗုံးသည် မြို့လယ်အထက် ပေ ၁၀၀၀ ခန့်အမြင့်တွင် ပေါက်ကွဲခဲ့ပြီး ဗုံးပေါက်ကွဲမှုဒဏ်ကြောင့် တစ်မြို့လုံးနီးပါးမျှ မီးလောင်ပျက်စီးခဲ့ရသည်။ လူဦးရေ သုံးသိန်းလေးသောင်းကျော် ရှိသည့်အနက် လူပေါင်း ၇၈၀၀၀ ကျော် သေဆုံးခဲ့ပြီး ၅၉၀၀၀ခန့် ဒဏ်ရာရရှိခဲ့ကြသည်။

ဟီရိုရှီးမားမြို့ အဏုမြူဗုံးဒဏ်ခံစားခဲ့ရပြီးနောက် သုံးရက်အကြာ ဩဂုတ် ၉ ရက်တွင် နာဂါဆာကီမြို့မှာလည်း အဏုမြူဗုံးကြဲချခံခဲ့ရသည်။ ဂျပန်နိုင်ငံ တောင်ဘက်ရှိ နာဂါဆာကီမြို့၌ အဏုမြူဗုံးဒဏ်သင့်ခဲ့ရခြင်းကြောင့် လူပေါင်း ၂၂၀၀၀ မှ ၇၅၀၀၀ အထိ သေဆုံးခဲ့ရသည်ဟု ခန့်မှန်းကြသည်။

**အင်န်အိတ်ချ်ကေ**



# အာဖဂန်နစ္စတန်မြောက်ပိုင်း၌ အိုင်အက်စ်အုပ်စု လက်နက်ချ

**မာဇာရီရှရစ်ဖ် ဩဂုတ် ၁**

အာဖဂန်နစ္စတန်နိုင်ငံ၌ အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တိုက်ခိုက်ရေးသမား ၁၅၀ ကျော်တို့က ဩဂုတ်လ ၁ ရက်တွင် လက်နက်ချခဲ့ကြကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောကြားကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း၌ ခြေကုပ်ပြုထားသော အစွန်းရောက်အုပ်စု အဆုံးသတ်သည့်လက္ခဏာဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ ဂျိုဇန်ပြည်နယ်၌ တာလီဘန်တို့နှင့် အိုင်အက်စ်တိုက်ခိုက်ရေးသမားများအကြား ရက်သတ္တပတ် အတန်ကြာမျှ ပြင်းပြင်းထန်ထန်တိုက်ခိုက်ခဲ့ကြပြီးနောက် အိုင်အက်စ်ဘက်မှ လက်နက်ချလာခြင်းဖြစ်သည်။

အိုင်အက်စ်အုပ်စုခေါင်းဆောင်နှင့်ဒုတိယခေါင်းဆောင်တို့သည် တိုက်ခိုက်ရေးသမား ၁၅၀ ကျော်နှင့်အတူ လက်နက်ချလာကြောင်း နိုင်ငံမြောက်ပိုင်း၌ ဖြန့်ကြက်ထားသော အမှတ် ၂၀၉ ကြည်းတပ် တပ်ဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဟာစင် ရီဇာရီက ပြောကြားသည်။

လက်နက်ချလာသူတို့၏ မိသားစုဝင်များဖြစ်သော အမျိုးသမီးများနှင့်ကလေးများ စုစုပေါင်း ၃၀ မှာလည်း အညှံ့ခံခဲ့ကြသည်ဆို၏။

အာဖဂန်နစ္စတန်နိုင်ငံ၌ အိုင်အက်စ်အင်အားမှာ သေးငယ်သည်ဟု ဆိုသော်လည်း ၎င်းတို့မှာ အင်အားစုစည်းနေခဲ့ကြကြောင်း၊ နိုင်ငံအရှေ့ပိုင်း နန်ဂါယာပြည်နယ်တွင် ၎င်းတို့လှုပ်ရှားခဲ့ရာမှ မကြာသေးမီကာလအတွင်း ဂျိုဇန်ပြည်နယ်သို့ စိမ့်ဝင်ထိုးဖောက်ခဲ့ခြင်းဖြစ်ကြောင်း ရီဇာရီက ပြောကြားသည်။

**အေအက်ဖ်ပီ**

# ဘာစီလိုနာနောက်ခံလူ လူးကပ်ဒစ်ဂ်နီအား အဲဗာတန်ခေါ်ယူ

အဲဗာတန်အသင်းသည် စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းမှ နောက်တန်းကစားသမား လူးကပ်ဒစ်ဂ်နီအား ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းဖြင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဒစ်ဂ်နီသည် ၂၀၁၆ ခုနှစ်အတွင်းက ပီအက်စ်ဂျီအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

နောက်တန်းကစားသမား ဒစ်ဂ်နီသည် ဘာစီလိုနာအသင်းသို့ မရောက်ရှိမီ ပီအက်စ်ဂျီအသင်းနှင့်အတူ ပြင်သစ်ပထမတန်းဖလားကို ရယူနိုင်ခဲ့သည့်အပြင် ဘာစီလိုနာအသင်းတွင်လည်း စပိန်လာလီဂါဆုဖလားကို ရယူနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

နောက်တန်းကစားသမား ဒစ်ဂ်နီသည် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် အဲဗာတန်အသင်းမှာ သမိုင်းကြောင်းအရ အစဉ်အလာရှိခဲ့ခြင်းကြောင့် မိမိအနေဖြင့်လည်း အဲဗာတန်အသင်းတွင် ကစားရန် ဆန္ဒရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

နောက်တန်းကစားသမား ဒစ်ဂ်နီသည် ဘာစီလိုနာအသင်းနှင့်အတူ ပွဲပေါင်း ၄၆ ပွဲ ပါဝင်ကစားပေးခဲ့ပြီး အီတလီစီးရီးအေကလပ် ရိုးမားအသင်းတွင်လည်း တစ်ရာသီကြာ အငှားသွားရောက်ကစားခဲ့သူဖြစ်သည်။




# ရမ်ဆေး အာဆင်နယ်နှင့် စာချုပ်သစ်ချုပ်မည်ဟု ခီတာယန်မျှော်လင့်

အာဆင်နယ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးသည် အာဆင်နယ်အသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိမ့်မည်ဟု မျှော်လင့်ထားကြောင်း ခီတာယန်က ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ရမ်ဆေး၏ လက်ရှိစာချုပ်သက်တမ်းသည် နောက်ဆုံးနှစ်သို့ ရောက်ရှိနေပြီဖြစ်ပြီး အခြားကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန် စီစဉ်ထားသော်လည်း လက်ရှိတွင် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် သဘောတူညီမှုရရှိထားပြီးဖြစ်ကြောင်းလည်း သိရသည်။

အာဆင်နယ်ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးသည် အာဆင်နယ်အသင်းနှင့်အတူ ၃၃၁ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၅၉ ဂိုးသွင်းယူပေးထားခဲ့ပြီး ဂိုးဖန်တီးပေးနိုင်မှုတွင်လည်း ၅၇ ကြိမ်အထိ ပြုလုပ်ပေးထားနိုင်ခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးသည် အာဆင်နယ်အသင်းနှင့်အတူ အက်ဖ်အေဖလား သုံးကြိမ်နှင့် ကွန်မြူနတီဒိုင်းနှစ်ကြိမ်အထိ ရယူဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။




## ဘောလုံးလောက သတင်းတိုများ

- စပါးအသင်းသည် ခရစ္စတယ်ပဲလေ့အသင်းမှ တောင်ပံကစားသမား ဇာဟာအား ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။
- **အင်တာမီလန်အသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား လူကာမိုဒရစ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။**
- ချယ်လ်ဆီးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးအား ခေါ်ယူရန် ရီးယဲလ်မက်ဒရစ်အသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- **အဲဗာတန်အသင်းသည် ဗီလာရီးယဲလ်အသင်းမှ ရုရှားကွင်းလယ်ကစားသမား ဒန်းနစ်ချယ်ရီရှက်ဗ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။**
- ခရစ္စတယ်ပဲလေ့အသင်းသည် ရှော်လ်ကေးအသင်းမှ ဂျာမနီတိုက်စစ်မှူး မက်စ်မေယာအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။



# နည်းပြ မော်ရင်ဟို အိုးထရက်ဖို့ဒ်မှ ထွက်ခွာခဲ့ပါက ရီးယဲလ်နည်းပြဟောင်း ဇီဒန်းဖြင့် အစားထိုးရန် မန်ယူစီစဉ်

မန်ယူအသင်းသည် လက်ရှိနည်းပြ မော်ရင်ဟိုအသင်းမှ ထွက်ခွာခဲ့ပါက ၎င်းနေရာတွင် အစားထိုးရန် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ နည်းပြဟောင်းတစ်ဦးဖြစ်သည့် ဇီဒန်းအား စာချုပ်ချုပ်ဆိုခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နည်းပြမော်ရင်ဟိုမှာ လက်ရှိကလပ် မန်ယူအသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးကြောင်းလည်း သိရသည်။

သို့ရာတွင် မန်ယူအသင်းမှ ထွက်ပေါ်လာသည့် သတင်းများအရ နည်းပြမော်ရင်ဟိုထွက်ခွာသွားပါက နည်းပြဇီဒန်းကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်းလည်း သိရသည်။

အသက် ၄၆ နှစ်အရွယ်ရှိ ပြင်သစ်နိုင်ငံသားနည်းပြဇီဒန်းသည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် တာဝန်ယူချိန်တွင် ချန်ပီယံလိဂ်ဖလားကို သုံးနှစ်ဆက်တိုက်ရယူပေးနိုင်ခဲ့သူလည်းဖြစ်သည်။

နည်းပြဇီဒန်းသည် ရီးယဲလ်မက်ဒရစ်အသင်းကို ချန်ပီယံလိဂ်ဖလားရယူပေးခဲ့ပြီးနောက် ဘာနေဗျူးနှင့် လမ်းခွဲသွားခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြ ပိုချက်တီနိုကို ကမ်းလှမ်းခဲ့သည်။ ယင်းသို့ ကမ်းလှမ်းခဲ့သော်လည်းနောက်ဆုံးတွင် နည်းပြလိုပက်တီဂီကိုသာ ခေါ်ယူနိုင်ခဲ့သည်။

# ဂိုးသမား ဆီလက်ဆန်၏ နေရာတွင် အစားထိုးရန် လီဗာပူးဂိုးသမားမစ်ဂ်နိုလက်ကို ဘာစီလိုနာအသင်း ခေါ်ယူမည်

ဘာစီလိုနာအသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် လီဗာပူးဂိုးသမား မစ်ဂ်နိုလက်အား ပြောင်းရွှေ့ကြေးပေါင် ၁၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

လာလီဂါထိပ်တန်းကလပ် ဘာစီလိုနာအသင်းသည် အသင်း၏ နံပါတ်နှစ် ဂိုးသမားဖြစ်သည့် ဆီလက်ဆန်၏ နေရာတွင် အစားထိုးရန်အတွက် လီဗာပူးအသင်းဂိုးသမား မစ်ဂ်နိုလက်ကို ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဂိုးသမား မစ်ဂ်နိုလက်သည် ၂၀၁၃ ခုနှစ်က ဆန်းဒါးလန်းအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

လက်ရှိတွင် လီဗာပူးအသင်းက ရိုးမားအသင်းမှ ဂိုးသမား အဲလစ်ဆင်အား ပြောင်းရွှေ့ကြေး ပေါင် ၆၅ သန်းဖြင့် ခေါ်ယူခဲ့သဖြင့် ဘယ်လ်ဂျီယံဂိုးသမား မစ်ဂ်နိုလက်သည် လီဗာပူးမှ ထွက်ခွာရန် အကြောင်းဖန်လာခဲ့ပြီဖြစ်သည်။



နယ်သာလန်ဂိုးသမား ဆီလက်ဆန်သည် ချယ်လ်ဆီးအသင်းနှင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ဘာစီလိုနာအသင်းက လီဗာပူးဂိုးသမား မစ်ဂ်နိုလက်အား ၎င်းနေရာတွင် အစားထိုးရန် ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

## ဦးဇော်မိုး(ဦးစီးအရာရှိ၊ မိုးညှိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန)ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူ

**နေပြည်တော် ဩဂုတ် ၁**

ပဲခူးတိုင်းဒေသကြီး မိုးညှိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးအရာရှိ ဦးဇော်မိုးသည် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းပြုလုပ်သူများထံမှ ငွေကြေးနှင့်လက်ဆောင်ပစ္စည်းများ တောင်းခံခြင်း၊ ဦးစီးအရာရှိ ရုံးခန်းအတွင်းရှိ အလှူခံပုံးအတွင်းသို့ အလှူငွေများ ထည့်ဝင်ခိုင်းခြင်းတို့ ပြုလုပ်နေမှုအပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မိုးညှိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးအရာရှိ ဦးဇော်မိုးသည် မိုးညှိုမြို့နယ် ဦးစီးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ၎င်းလုပ်ပိုင်ခွင့်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ငွေကျပ် ၆၀၀၀၀ ကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုဇယား ပြုလုပ်သူတို့ထံမှ ငွေကျပ် ၆၀၀၀၀ နှင့် ၁၉၀၀၀ တန် အရက်ပုလင်းတစ်လုံးကိုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ လျှောက်ထားသူထံမှ ငွေကျပ် ၂၀၀၀၀ ကိုလည်းကောင်း စုစုပေါင်းငွေကျပ် ၁၄၀၀၀၀ နှင့် ၁၉၀၀၀ တန် အရက်ပုလင်းတစ်လုံးကို တောင်းခံရယူခြင်းဖြင့် အဂတိလိုက်စားမှုကို ကျူးလွန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည့်အပြင် ကျေးရွာနယ်မြေခံ သတင်းများအရ ငွေကြေးမရလျှင် အကြောင်းအမျိုးမျိုးပြကာ အချိန်ဆွဲ၍ လုပ်ငန်းဆောင်ရွက်မပေးဘဲ ငွေကြေးပေးမှသာ ဆောင်ရွက်ပေးလေ့ရှိကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဦးဇော်မိုးအပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ အရေးယူဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး မိုးညှို မြို့မရဲစခန်း၌ ယနေ့တွင် ပထမ သတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## တောင်ဥက္ကလာပမြို့နယ်တွင် မော်တော်ယာဉ်အသုံးပြုလုယက်သူများကို ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၁**

တောင်ဥက္ကလာပမြို့နယ်တွင် အိမ်စီးကားအသုံးပြု၍ လုယက်မှုကျူးလွန်သူနှစ်ဦးကို ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ တတိယပတ်က တောင်ဥက္ကလာပမြို့နယ်နေ အမျိုးသမီးဆရာဝန်တစ်ဦးသည် ဗဟိုအမျိုးသမီး ဆေးရုံသို့သွားရန် အမျိုးသားတစ်ဦးမောင်းနှင်လာသည့် အိမ်စီးကားကိုငှားပြီး လိုက်ပါလာခဲ့ရာ တောင်ဥက္ကလာပမြို့နယ်(၃)ရပ်ကွက် ၁၃ လမ်းအရောက်တွင် ကားရပ်ပြီး ယာဉ်မောင်းနှင့် အမျိုးသမီးတစ်ဦးက ဆရာဝန်အမျိုးသမီးထံမှ ကျောက်စိမ်းလော့ကတ်သီးပါ ရွှေဆွဲကြိုးတစ်ကုံး၊ စိန်နားကပ်တစ်ရန်၊ OPPO နှင့် ဆမ်ဆောင်းလက်ကိုင်ဖုန်းနှစ်လုံး၊ ငွေကျပ်ငါးသောင်းပါ ပိုက်ဆံအိတ်တစ်လုံးတို့ကို ယူဆောင်မောင်းနှင်ထွက်ပြေးသွားကြောင်း တိုင်တန်းချက်အရ တောင်ဥက္ကလာပမြို့မရဲစခန်းက အရေးယူဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်းပြီး လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ ဇူလိုင် ၃၁ ရက်တွင် သူရကိုကိုသန်း(ခ) အငယ်ကောင် ၃၄ နှစ်နှင့် မဇာဇာလင်းမိုး ၂၄ နှစ်တို့ကို လုယက်ယူဆောင်ခဲ့သည့် ဆမ်ဆောင်းလက်ကိုင်ဖုန်းနှင့်အတူ ကျိုက်ထိုမြို့ရှိ တည်းခိုခန်း၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား အခြားပြစ်မှုများ ကျူးလွန်ထားခြင်း ရှိ မရှိ ဆက်လက်စစ်ဆေးလျက်ရှိပြီး လုယက်မှုကျူးလွန်သူများကို ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁**

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတွင် ဩဂုတ် ၃၁ ရက်က ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၈၅ စီး၊ သွင်းကုန် ၉၄၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတွင် ကုန်သွယ်မှုယာဉ် ပို့ကုန်လေးစီး၊ သွင်းကုန် ၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ခဲ့ရာ ဇူလိုင် ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇၄၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၈၀၀ သန်းခန့်) စုစုပေါင်း တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၅၄၅ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇူလိုင် ၃၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့ TOYOTA WISH ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ့ သုည ဒသမ ၈၃၄၄ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၅၀၃ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းလေထန်၍ စက်တပ်ရေယာဉ်မှောက် လင်မယားနှစ်ယောက် အသက်ပျောက်

**ကျိုက်မရော ဩဂုတ် ၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက ကော့ပလော့ကျေးရွာအုပ်စု ကော့ဒွန်းကျေးရွာမှ ဦးလှနှင့် ဒေါ်မဲလုံးတို့နှစ်ဦးသည် ဦးလေးကျေးရွာသို့ စက်တပ်ရေယာဉ်ဖြင့်အသွား မက်ကသန်ကျေးရွာအနီးတွင် မိုးသည်းထန်ပြီး လှိုင်းလေထန်သဖြင့် စက်လှေတိမ်းမှောက်ကာ လင်မယားနှစ်ယောက်စလုံး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ရေနစ်သေဆုံးသူများအား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျိုက်မရောမြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

## ဇမ္ဗူသီရိမြို့နယ် ဂန္ဓမာဈေး၌ ဈေးသည်တစ်ဦး၏ ပိုက်ဆံအိတ်အလစ်သုတ်သူအား ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်အတွင်းရှိ ဂန္ဓမာဈေးတွင် ဖိနပ်မျိုးစုံရောင်းချသည့် အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ်ခိုးယူသူအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမှတ် ၈ နယ်မြေရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်ထိန်အောင်မင်းနှင့်တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီခန့်က ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်အတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ဂန္ဓမာဈေးရှေ့သို့အရောက် အော်ဟစ်အကူအညီတောင်းသံကြားသဖြင့် ဈေးတာဝန်ခံအဖွဲ့က ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးရာ ဈေးရုံအမှတ် ၂ အတွင်း၌ ဇာနည်ထွန်းအား အမျိုးသမီးကိုင် အုန်းခွံရောင် ပိုက်ဆံအိတ်တစ်လုံးအတွင်းမှ ငွေကျပ် ၅၈၀၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ဆက်လက်စစ်ဆေးမေးမြန်းရာ ၎င်းခိုးယူလာသည့် ပိုက်ဆံအိတ်မှာ ဉာဏသိဒ္ဓိရပ်ကွက် ဂန္ဓမာဈေးမှ ဖိနပ်မျိုးစုံရောင်းချသူ ဆိုင်ရှင် ဒေါ်ပပထံမှ ခိုးယူလာခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ခိုးမှုကျူးလွန်သူအား အမှတ် ၈ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုပေါက် (ဥတ္တရမြေ)**

## မိုးညှင်းမြို့နယ်တွင် ရထားနှင့်ဆိုင်ကယ်တိုက် တစ်ဦးဒဏ်ရာရ

**မိုးညှင်း ဩဂုတ် ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု လက်ပန်တန်းကျေးရွာအနီး မီးရထားသံလမ်းကူးနေရာတွင် အမှတ်(၅၀) မြစ်ကြီးနား-နဘားလော်ကယ်ရထားနှင့်ဆိုင်ကယ်တို့တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁ ရက် နံနက် ၁၁ နာရီခွဲခန့်က မိုးညှင်းမြို့နယ် ညောင်ပင်သာကျေးရွာအုပ်စု လက်ပန်တန်းကျေးရွာအနီး ရထားသံလမ်းကူးနေရာတွင် မြစ်ကြီးနားမြို့မှထွက်ခွာလာသော အမှတ်(၅၀)အစုန်မြစ်ကြီးနား-နဘားလော်ကယ်ရထားနှင့် မိုးညှင်းမြို့နယ် အင်းကုန်းအုပ်စု ကံကုန်းလေးကျေးရွာနေသူ မစန်းစန်းဆင့် မောင်းနှင်ပြီး တစ်ရွာတည်းနေ ဒေါ်သန်းသန်းဆွေ လိုက်ပါလာသော ဆိုင်ကယ်ဖြင့် အဆိုပါလမ်းကူးနေရာမှ ဖြတ်ကူးရာ ဆိုင်ကယ်ရှေ့ဘီးနှင့်ရထားချိတ်မိပြီး ဆိုင်ကယ်ပေါ်မှလူနှစ်ဦးမှာ လွင့်ကျန်ခဲ့၍ ဆိုင်ကယ်မှာရထားနှင့်ပေ ၃၀ ခန့်ထိချိတ်ပါခဲ့သည်။ ဒေါ်သန်းသန်းဆွေတွင် ဒဏ်ရာများရရှိသဖြင့် မိုးညှင်းပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရထားသံလမ်းကို ဖြတ်ကူးမောင်းနှင်သူ မစန်းစန်းဆင့်အား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နီတိုး(မိုးညှင်း)**

## အင်းတော်မြို့နယ် နတ်မီးကာချောင်းအတွင်း တရားမဝင်ရွှေမျှောမျှား သိမ်းဆည်းရမိ

**အင်းတော် ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ဟောင်းတုန်းကျေးရွာအနီး နတ်မီးကာချောင်းအတွင်း တရားမဝင်ရွှေတူးဖော်နေသည့် ရွှေမျှောမျှား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီခန့်တွင် အင်းတော်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးမှူးနှင့်အဖွဲ့၊ ဒေသခံ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အစပ် ဟောင်းတုံးကျေးရွာအနီး နတ်မီးကာချောင်းအတွင်း၌ တရားမဝင်ရွှေသတ္တုတူးဖော်နေကြောင်း သတင်းအရ သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ လူမနေသည့်တဲ ခုနစ်လုံး၊ အင်ဂျင်စက် ၁၀ လုံး၊ ဆိုင်ကယ်သုံးစီးနှင့်အတူ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင်ရွှေသတ္တုတူးဖော်နေသူများ အမြန်ဖမ်းဆီးရမိရေးအတွက် ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မင်းလှ-တောင်တွင်းကြီး ရထားလမ်းပိုင်းတွင် ရထားကြိတ်မိ၍ တစ်ဦးသေဆုံး

**တောင်တွင်းကြီး ဩဂုတ် ၁**

တောင်တွင်းကြီးမြို့ ရွှေကြာအင်း ၁ ရပ်ကွက် ရထားလမ်းပေါ်တွင် ဩဂုတ် ၁ ရက် နံနက်ပိုင်းက ဦးရဲဇော် မောင်းနှင်သည့် မင်းလှ-တောင်တွင်းကြီး ရထားက အသက် ၆၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးအား လမ်းဖြတ်ကူးစဉ်တိုက်မိရာ ဒဏ်ရာများရရှိပြီး နေရာတွင် သေဆုံးသွားသဖြင့် တောင်တွင်းကြီးမြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂-၈-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ Breakfast News
၈း၄၀ “မြန်မာသမိုင်းအဖွဲ့နှင့်သမိုင်းသုတေသနဖြစ်တည်လာမှုနှင့် ဖြတ်သန်းလာခဲ့သောကာလမှ အနာဂတ်ဆီသို့”
၉း၂၀ လှပစုံလင်အာဆီယံတစ်ခွင်
၉း၃၀ ASEAN Spotlight (37)
၉း၅၀ “ခေတ်အဆက်ဆက်လက်မှုပညာ လေ့လာဖို့အမျိုးသားပြတိုက် နေပြည်တော်က စဉ့်အနုပညာ အထူးပြပွဲလေ့လာစို့”
၁၀း၃၀ အလုပ်သမားရေးရာအစီအစဉ်
၁၁း၀၀ မြစ်မခမီဒီယာ“သဘာဝပတ်ဝန်းကျင်မှလေ့လာသင်ယူခြင်း”
၁၁း၂၅ “ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ လေ့လာလည်ပတ်စရာနေရာများ”
၁၁း၄၅ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ပြန်ပေး” (ရန်အောင်၊လူမင်း၊ ခန့်စည်သူ၊ခိုင်သင်းကြည်၊ မိုးဟေကို) [(ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)]
၁၂း၄၀ “မျိုးစေ့”
၁၄း၁၀ "traffic"(can mtv exit special) (ဖြူဖြူကျော်သိန်း)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၇၅)

**ညပိုင်း**

၁၆း၃၅ "Philippines Music Show"
၁၇း၀၅ NHK အစီအစဉ်“ဓာတ်ခွဲခန်းသုံးကိရိယာများ(ဒုတိယပိုင်း)” (မီးခွက်များ)
၁၇း၁၅ “မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်းရဲ့ GAP စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းအဆိုအတည်ပြု”
၁၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၈း၅၅ "CHOICE" (အပိုင်း-၇၅)
၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ “ဇနီးချောများကွန်ရက်” (အပိုင်း -၂၀) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာအောင်ဩဘာ)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ “မီးတစ်ပွင့်ရဲ့ရာဇဝင်” (အပိုင်း-၄)
- Britain's Got Talent (7)
-မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ မေဝင်းမောင်)
-အစီအစဉ်ပြီး၏။

# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ e-Government Central Control Room(CCR) ဖွင့်ပွဲကျင်းပ



**မကွေး ဩဂုတ် ၁**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ e-Government Central Control Room(CCR) ဖွင့်ပွဲနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ website (beta version) စမ်းသပ်လွှင့်တင်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အစိုးရအဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး e-Government လုပ်ငန်း၊ နည်းပညာအကြံပေးပညာရှင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက "ခုဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှာ e-Government Central Control Room ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီဖြစ်တယ်၊ e-Government စနစ်သာရှိရင် ဒေသရဲ့စီမံအုပ်ချုပ်မှု၊ လုပ်ငန်းဆောင်ရွက်မှု၊ ပြည်သူ့ဝန်ဆောင်ပေးမှု ကိစ္စအဝဝတို့ဟာ တိုးတက်မြန်ဆန် မှန်ကန်မှုပို၍ ရရှိလာမှာဖြစ်ပြီး တိုင်းဒေသကြီးတစ်ခုလုံး ခေတ်မီဖွံ့ဖြိုးတိုးတက်မယ့် အတွေ့အကြုံအလေ့အကျင့်ကောင်းများ ရရှိမှာဖြစ်ပါတယ်" ဟု ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ Website (Beta Version) ကို http://magwaygov.org လိပ်စာဖြင့် စမ်းသပ်ထုတ်လွှင့်ခဲ့ပြီး မကြာမီ ပိုမိုပြည့်စုံသည့် website ကို တရားဝင်ထုတ်လွှင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။ စမ်းသပ်ဆဲကာလတွင် နောက်ဆုံးရသတင်းများ၊ သတင်းထုတ်ပြန်ချက်များနှင့် ဝန်ဆောင်မှု ၁၇ မျိုးကို ကြည့်ရှုရယူနိုင်မည်ဖြစ်သည်။

စမ်းသပ်ဆဲ ဝန်ဆောင်မှုလုပ်ငန်း ၁၇ မျိုးအတွက် Application Form များကိုသာ ရယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီး သက်ဆိုင်ရာသို့ ပြည်သူများက တိုက်ရိုက်လျှောက်ထားဆောင်ရွက်ရမည်ဖြစ်သည်။

e-Government လုပ်ငန်းစဉ်များ ထပ်မံဖြည့်စွက် ဆောင်ရွက်ပြီးနောက် Mobile Phone Application သို့မဟုတ် website မှတစ်ဆင့် ဝန်ဆောင်မှုများကို Online ပေါ်မှ တိုက်ရိုက်လျှောက်ထားနိုင်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

## မြစ်ကြီးနားပညာရေးကောလိပ်မှ သင်တန်းသားများ ရေသန့်စက်ရုံများသို့ သွားရောက်လေ့လာ

**မြစ်ကြီးနား ဩဂုတ် ၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားပညာရေးကောလိပ်တွင် ပညာသင်ယူလျက်ရှိသည့် ပညာရေးဒီပလိုမာ သင်တန်းသား သင်တန်းသူများအား ပြင်ပဗဟုသုတများရရှိစေရေးနှင့် သင်တန်းတွင် လက်တွေ့စာတမ်းပြုစုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး လေ့လာရေးခရီးစဉ်ကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီမှ စတင်ကွင်းဆင်းခဲ့ကြသည်။

လေ့လာရေးခရီးနှင့်ပတ်သက်၍ မြစ်ကြီးနားပညာရေးကောလိပ် ကထိကနှင့် တွဲဖက်စီမံဌာနမှူး ဆရာကြီးဦးဆောင်ထန်းက "ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၊ ပြည်နယ်မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြစ်ကြီးနားဌာနခွဲနဲ့ ပုဂ္ဂလိကရေသန့်စက်ရုံတွေကို သွားရောက်လေ့လာနိုင်အောင် စီစဉ်ထားပါတယ်၊ အခုဆိုရင် ၁၀ ကြိမ်မြောက် လေ့လာရေးခရီးစဉ်ဖြစ်ပါတယ်" ဟု ပြောကြားသည်။

**ဦးလေးကြီး**



**ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဩဂုတ် ၁ ရက်က မြို့ပေါ်ရပ်ကွက်များမှ ကလေးငယ်များအား ပုံမှန်လစဉ်ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။**

ကိုကျော်(သုံးခွ)



## စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံးဝင်းအတွင်း မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ် သရုပ်ပြ

**မုံရွာ ဩဂုတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံးဝင်းအတွင်း ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တွဲဖက်အသုံးပြုနိုင်သည့် ပိုလန်နိုင်ငံထုတ် အလတ်စားမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတွဲဖက်သုံးယာဉ် စွမ်းရည်ပြရှင်းလင်းပွဲကို ကျင်းပသည်။

"မြန်မာနိုင်ငံမှာ ဟိုတုန်းကတည်းက မီးငြိမ်းသတ်ရေးစနစ်နဲ့ အသက်ကယ်ဆယ်ရေးစနစ်ကို တွဲပြီးမလုပ်နိုင်ခဲ့ဘူး၊ စက်ပစ္စည်းကလည်း မရှိခဲ့ဘူး၊ အခုနောက်ပိုင်းမှာ မီးငြိမ်းသတ်ရေးနဲ့ အသက်ကယ်ဆယ်ရေးစနစ်ကို တွဲလုပ်နိုင်တဲ့ စက်ပစ္စည်းကို အာမခံရှိတာတွေကိုဝယ်ပါဆိုပြီး နိုင်ငံတော်ကညွှန်ကြားတဲ့အတွက် ဌာနကဝယ်ခဲ့ခြင်းဖြစ်ပါတယ်၊ တပ်ဖွဲ့ဝင်တွေအနေနဲ့ ဒီစက်ပစ္စည်းတွေကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ဖို့ လေ့ကျင့်ပြင်ဆင်ထားပါတယ်" ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမင်းစမ်းအေးက ပြောသည်။

သရုပ်ပြရှင်းလင်းပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဒုဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများအား တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေးက အလတ်စားမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး တွဲဖက်သုံးယာဉ်တွင်ပါဝင်သည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသုံး စက်ပစ္စည်းများကို ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## တိုတိုထွာထွာဖတ်စရာ

### အခြေခံအင်္ဂလိပ်စကားပြောသင်တန်း အခမဲ့ဖွင့်လှစ်

**ပြည်ကြီးတံခွန်**

မန္တလေးခရိုင် Community Centre ၏ Youth Club လှုပ်ရှားမှုအဖြစ် တတိယအကြိမ် အခြေခံအင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပွဲကို ပြည်ကြီးတံခွန်မြို့နယ် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနတွင် ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ပြီး သင်တန်းကာလမှာ သုံးလဖြစ်ကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

### မင်းလှတွင် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**အထက်မင်းလှ**

သရက်ခရိုင် မင်းလှမြို့နယ်အတွင်းရှိ ပြည်သူများအတွက် ဌာနဆိုင်ရာကိုးခုနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်ကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်သူ့ဝန်ဆောင်မှုရုံး အဆောက်အအုံ သစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သရက်ခရိုင် အုပ်ချုပ်ရေးမှူးက မိမိတို့သည် မိမိတို့ဌာနကိုယ်စားလာရောက်တာဝန်ထမ်းရသည့်သူများဖြစ်သည့်အတွက် ပြည်သူ့လိုအပ်ချက်နှင့် ဌာနဆိုင်ရာသဘောတရားများကိုက်ညီရေး၊ လွယ်ကူမြန်ဆန်ရေးနှင့် ထိရောက်မှုရှိအောင် ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မင်းတုန်း၌ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး ပညာပေး

**မင်းတုန်း**

စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချစွာ စားသုံးနိုင်ရေးအတွက် မင်းတုန်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ရွှေနှင့် တာဝန်ရှိသူများပူးပေါင်းကာ ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီခွဲတွင် မင်းတုန်းမြို့ စည်ပင်သာယာဈေးအတွင်း ပညာပေးခြင်း ဆောင်ရွက်ခဲ့သည်။

ဈေးအတွင်းရှိ ကုန်စုံဆိုင်၊ မုန့်ဆိုင်နှင့် အသားငါးဆိုင်များအား စစ်ဆေးခဲ့ပြီး ရက်စွဲမပါသောမုန့်များ၊ ရက်လွန်အစားအစာများ၊ ဓာတုဆေးသုံးကုန်ပစ္စည်းများ မရောင်းချစေရန် ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပွင့်ဖြူမြို့နယ်တွင် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မေ ၁၇ ရက်မှစတင်ကာ တောင်သူများလက်ဝယ်အရောက် စဉ်ဆက်မပြတ် ထုတ်ချေးဆောင်ရွက်ပေးခဲ့ရာ ဇူလိုင် ၃၁ ရက်အထိ တောင်သူ ၁၁၄၈၈ ဦးအား စိုက်ပျိုးစရိတ်ချေးငွေပေါင်း ၇၄၅၆၉ ဒသမ ၅၀ သိန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### စစ်ကိုင်းတက္ကသိုလ်တွင် သစ်ပင်စိုက်ပျိုး

**စစ်ကိုင်း**

စစ်ကိုင်းတက္ကသိုလ်ဝင်းအတွင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဩဂုတ် ၁ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးရာတွင် စစ်ကိုင်းတက္ကသိုလ်၊ ဧရာဝတီဘဏ်နှင့် အိတ်စ်ပိုရာဈေးကွက်မြှင့်တင်ရေးနှင့် ဆက်သွယ်ရေးတို့ ပူးပေါင်းစိုက်ပျိုးခြင်းဖြစ်ပြီး မည်စည်၊ စိန်ပန်း စသည့်အရိပ်ရအပင်ပေါင်း ၅၀၀ ကျော်ကို ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ရမည်းသင်းတွင် ဆပ်ပြာဆီထုတ်လုပ်မှု သင်တန်းဖွင့်

**ရမည်းသင်း**

မိသားစု တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းဖြင့် အပိုဝင်ငွေရရှိစေရေးနှင့် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်သော အိမ်တွင်းမှုအတတ်ပညာ ဆပ်ပြာဆီထုတ်လုပ်မှုသင်တန်းကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ပြုလုပ်သည်။

နည်းပြဒေါ်နန်းရွှေစင်ထွန်းက ဆပ်ပြာဆီထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး သင်တန်းသို့ သင်တန်းသူ ၃၆ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**တိုတိုထွာထွာဖတ်စရာ**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးဆောင်ရွက်

**ရန်ကုန်**
၃၃ ကေဗွီ (သာကေတ-ဒဂုံတောင်) ကောင်းကင်ဓာတ်အားလိုင်း၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးအတွက် ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။

လုပ်ငန်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီနှင့် ဦးသိန်းနိုင်၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အဖွဲ့ဝင်(၁) ဦးထွန်းထွန်းဆွေတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**၁၉၇**

## ကဝမြို့နယ်တွင် ဖိုးရာဇာစာကြည့်တိုက်ဖွင့်လှစ်

**ကဝ**
ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကြာတောရွာသစ်ကျေးရွာ၌ ကျေးရွာသူ ကျေးရွာသားများ စာပေအသိပညာ ဗဟုသုတပြည့်ဝစေရန် ရည်ရွယ်၍ ဖိုးရာဇာစာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၉ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကြာတောရွာသစ်ကျေးရွာ ဇာတိဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် မဟာပုံညာရာမတိုက် ပခန်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာလောကအရှင်သူမြတ်က မိမိအနေဖြင့် ကျေးရွာသူ ကျေးရွာသားများ စာပေအသိပညာ ဗဟုသုတ ပြည့်စုံကြလျက် သားစဉ်မြေးဆက် အသိအလိမ္မာ တိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ မတည်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း မြွက်ကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## တိုက်ကြီး၌ မှူခင်းပညာပေးဟောပြော

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် ပုဂံလမ်း လူသန့်အင်းရွာရှိMGE အထည်ချုပ်စက်ရုံ၌ ဇူလိုင် ၃၀ ရက် ညနေ ၃ နာရီက တိုက်ကြီးမြို့မရဲစခန်းမှူး ရဲအုပ်ဝင်းညွန့်ထူးက သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေးနှင့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ရာ စက်ရုံဝန်ထမ်း ၅၀၀ တက်ရောက်ခဲ့ကြောင်းသိရသည်။ **ထွန်းလှိုင်(မြိုင်)**

## ဘိန်းအစားထိုး မွေးမြူရေးလုပ်ငန်းအတွက် ဒေသဝက်ကောင်ရေ ၁၀၀ ပေးအပ်

**နောင်တရား ဩဂုတ် ၁**
ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပေါ့အင်ကျေးရွာ၌ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး ရှေ့ပြေးစီမံကိန်းဒေသတွင် ဘိန်းအစားထိုးမွေးမြူရေးလုပ်ငန်းအတွက် ဒေသဝက်ပေးအပ်ပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေး ရှေ့ပြေးစီမံကိန်းဒေသအတွင်း၌ ဝက်မွေးမြူသောဒေသခံတောင်သူများသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ဝက်မွေးမြူရေး လက်စွဲစာအုပ်နှင့် ကုသဆေးများ ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မူးယစ်တပ်ဖွဲ့စု ၂၆ ပင်လောင်းမှ တပ်ဖွဲ့စုမှူးနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာနီနီဝင်းတို့က ဒေသဝက်ပေါက်များကို ပေါ့အင်ကျေးရွာအုပ်စု၊ မွေးပြင်ကျေးရွာအုပ်စု၊ ပင်ခင်ကျေးရွာအုပ်စု၊ လွယ်မောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၈ ရွာတို့သို့ ဝက်ထီးအကောင် ၄၀၊ ဝက်မ အကောင် ၆၀ တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခွန်အောင်(နောင်တရား)**

## မြောင်းမြ၌ လူငယ်နှင့် ပရဟိတ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မြောင်းမြ ဩဂုတ် ၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မဟာကိုယ်ပိုင်အထက်တန်းကျောင်းတွင် 'လူငယ်နှင့်ပရဟိတ' ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုးက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နီနီဝင်း၊ မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအေးလွင်၊ မဟာကိုယ်ပိုင်အထက်တန်းကျောင်းတာဝန်ခံ ဒေါ်နုနုယဉ်၊ အေးမြဖြူစင်သွေးအလှူရှင်အသင်းမှ ဆရာတော် အရှင်ဝဏ္ဏသီရိ၊ ရတနာမေတ္တာအဖွဲ့မှ ဒေါ်စောမြတ်မွန်၊ စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ စာရေးဆရာ ဦးဇော်မျိုးထွန်းတို့က ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေရန် ဟောပြောဆွေးနွေးကြကာ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **အောင်မင်း(မြောင်းမြ)**

# ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ



**ထားဝယ် ဩဂုတ် ၁**
တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာရေးဆိုင်ရာပွင့်လင်းမြင်သာမှု အလုပ်ရုံဆွေးနွေးပွဲ၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ စာစောင်မိတ်ဆက်ခြင်းအခမ်းအနားကို ဇူလိုင် ၃၁ ရက် နံနက်တွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ပြည်သူများ ရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ့ဘဏ္ဍာငွေကို သုံးစွဲရာတွင် ပွင့်လင်းမြင်သာစွာ ချပြထားခြင်းလည်း ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ရငွေရရှိမှုအခြေအနေ၊ အခွန်အကောက် ရရှိမှုအခြေအနေ၊ ပြည်ထောင်စုမှ တိုင်းဒေသကြီးသို့ ထောက်ပံ့ငွေရရှိမှုအခြေအနေများကို သိရှိမှာဖြစ်သလို အသုံးစရိတ်ပိုင်းတွင်လည်း မည်သည့်ကဏ္ဍများတွင် မည်သို့သုံးစွဲနေသည်ကို သိရှိနိုင်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Matthew Arnold က ရသုံးမှန်းခြေငွေစာရင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေလင်းထက်က ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင်အကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာရှဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Dr. Matthew Arnold၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဧရာဝတီ–ဟင်္သာတတာတမံ တောင့်တင်းခိုင်မာအောင်ဆောင်ရွက်ထားရှိ

**ဟင်္သာတ ဩဂုတ် ၁**
ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် လယ်မြေများ အောင်မြင်စွာစိုက်ပျိုးနိုင်ရန်နှင့် ဒေသခံများရေဘေး ကာကွယ်ရေးအတွက် အလျား ၇၅ ဒသမ ၅ မိုင်ရှိ ဧရာဝတီ-ဟင်္သာတတာ (ဟင်္သာတ-ဇလွန်-ဓနုဖြူ-ညောင်တုန်း-ပန်းတနော်) ကို တည်ဆောက်ထားသည်။

ရာသီဥတု ဖောက်ပြန်မှုဖြစ်စဉ်များကြောင့် နှစ်စဉ်နီးပါး ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် စံချိန်တင် ရေကြီးမှုဖြစ်စဉ်များတွင် ဟင်္သာတခရိုင်အတွင်းရှိ တာတမံများ ကျိုးပေါက်ပျက်စီးမှုမရှိစေရန် ဆည်မြောင်းဌာနမှ ဝန်ထမ်းများနှင့် ပြည်သူလူထုပူးပေါင်း၍ နေ့ရောညပါ ဆည်ကျိုးပေါက်မှုအန္တရာယ်မှ ကာကွယ်နိုင်ခဲ့သည်။



ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တာတမံများ၏ အလျားမှာ ရှည်လျားသဖြင့် ပြုပြင်ရန်အချိန်၊ ရန်ပုံငွေ၊ လုပ်အားများစွာတို့နှင့် နှစ်အလိုက်အရေးကြီးနေရာများကို ပြုပြင်မွမ်းမံ၍ ကြံ့ခိုင်စွာကာကွယ်လျက်ရှိပြီး မြန်မာ့စပါးကျီ တိုင်းဧရာဝတီအား ဧရာဝတီ-ဟင်္သာတတာတမံဖြင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရန် နှစ်စဉ် ကာကွယ်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**



## ကရင်ပြည်နယ်၌ ဖိုက်ဘာစက်တပ်လှေများ ထပ်မံရောက်ရှိ

**ဘားအံ ဩဂုတ် ၁**
ကရင်ပြည်နယ် မြို့နယ်ခြောက်မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အမျိုးသားသဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မရှင်မှ ကရင်ပြည်နယ် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် စီစဉ်ပေးသည့် ဖိုက်ဘာစက်တပ်လှေနှင့် ဆက်စပ်ပစ္စည်းများ ဇူလိုင် ၃၀ ရက်က ထပ်မံရောက်ရှိလာကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် မြို့နယ်ခုနစ်မြို့နယ်ရှိပြီး တောင်ပေါ်ဒေသဖြစ်သော သံတောင်ကြီးမြို့နယ်မှလွဲ၍ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ဖာပွန်မြို့နယ်တို့တွင် ရေကြီးနစ်မြုပ်ခဲ့ရာ အဆိုပါဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ဖိုက်ဘာစက်တပ်လှေငါးစင်း၊ အသက်ကယ်အင်္ကျီအထည် ၅၀ အပါအဝင် ဆက်စပ်ပစ္စည်းများ ထပ်မံရောက်ရှိခဲ့ကြောင်း သိရသည်။ **နေမျိုးလွင် (ပြန်/ဆက်)**

## သတင်းအချက်အလက်ဆိုင်ရာများရှင်းလင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၁**
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်းများ ဒေသဆိုင်ရာသတင်းများရေးသားရာတွင် မှန်ကန်သောအချက်အလက်များ၊ ပြည်သူများနှင့်သက်ဆိုင်သော အကျိုးရှိ အချက်အလက်သတင်းများအား ရေးသားပေးပို့နိုင်ရေး ဆွေးနွေးပွဲကို ဩဂုတ် ၁ ရက် နံနက် ၁၀ နာရီက ခရိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တံတား၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တို့မှ ဦးစီးမှူးနှင့် ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်းများက သတင်းအချက်အလက်များရေးသားပေးပို့မှုနှင့် သတင်းပေးပို့ရာတွင် အတွေ့အကြုံများအားတင်ပြကြရာ ခရိုင်ဦးစီးအရာရှိက လိုအပ်သည်များ ကူညီဆောင်ရွက်ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မရမ်းကုန်းတွင် မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန် ဩဂုတ် ၁**
ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်သည် ဇူလိုင် ၃၁ ရက် ည ၇ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် အမှတ် ၂ ရပ်ကွက် ပေါ်တော်မူဘုရားလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောရာ ရပ်ကွက်နေပြည်သူ ၆၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။ **စာနည်မောင်**

# အစားအစာများ ပိုမိုစားသုံးမိပါက အလိုအလျောက်တွက်ချက်ကာ လည်ပင်းကို တင်းကျပ်သွားစေမည့် Smart ဆွဲကြိုး

စမတ်ဖုန်း၊ စမတ်နာရီ၊ စမတ်တီဗွီ အစရှိသော နည်းပညာမြင့်လူသုံးကုန်ပစ္စည်းများကို ဈေးကွက်အတွင်း များစွာ ထုတ်လုပ်ခဲ့ပြီး ယခုအခါ စမတ်ဆွဲကြိုးတစ်မျိုးကို ဈေးကွက်အတွင်း မြင်တွေ့ရတော့မည်ဖြစ်သည်။ အဆိုပါ စမတ်ဆွဲကြိုးမှာ အစားအစာများကို ပိုမိုကာစားသုံးသူများနှင့် ခန္ဓာကိုယ်ကျစ်လျစ်ပြေပြစ်ချင်သူများအတွက် ရည်ရွယ်ကာ ထုတ်လုပ်ရောင်းချပေးတော့မည်ဖြစ်ကြောင်း သိရသည်။

စမတ်ဆွဲကြိုးဟုခေါ်ဆိုသော်လည်း ဒီဇိုင်းပိုင်းရိုးရှင်းကာ ဖက်ရှင်ကျသည့်ပုံစံမျိုးနှင့် ထွက်ရှိလာမည်ဖြစ်ပြီး ဝတ်ဆင်ထားသည့်အခါ ကြည့်ကောင်းစေရန် ဖန်တီးထုတ်လုပ်ကာ ဖြန့်ချိပေးသွားမည်ဟု သိရသည်။ တရုတ်နိုင်ငံမှ ပညာရှင်တစ်ဦးက စမ်းသပ်ဖန်တီးလိုက်ခြင်းဖြစ်ပြီး အမျိုးသမီးများဝတ်ဆင်ရန် ပိုမိုသင့်တော်သည့်ဒီဇိုင်းမျိုးဖြင့် ဖန်တီးနေခြင်းဖြစ်ကြောင်း သိရသည်။ ကြိုးမဲ့ချိတ်ဆက်မှု Bluetooth စနစ်ပါဝင်ပြီး စမတ်ဖုန်းကဲ့သို့သော ပစ္စည်းများဖြင့်ချိတ်ဆက်ကာ အသုံးပြုနိုင်မည်ဖြစ်ရာ အဆင့်မြင့် အာရုံခံနည်းပညာများ ထည့်သွင်းပေးထားသည်ဟု သိရသည်။

၎င်းဆွဲကြိုးကို ဝတ်ဆင်ထားပါက အစားအစာများ စားသုံးသည့်အခါတွင် အစာမျိုချလိုက်သည့်အသံနှင့် ဝါးစားနေသည့်အသံများကို အဆိုပါဆွဲကြိုးမှ မှတ်သားထားမည်ဖြစ်ပြီး စမတ်ဖုန်းကဲ့သို့ ပစ္စည်းများဖြင့်ချိတ်ဆက်ကာ အက်ပလီကေးရှင်းအသုံးပြုပြီး တစ်ရက်စာ စားနိုင်သည့်ပမာဏ သို့မဟုတ် စားသင့်သည့်ပမာဏထက် ပိုမိုစားသုံးမိပါက ၎င်းဆွဲကြိုးမှာ တင်းကျပ်လာမည်ဖြစ်ပြီး အသုံးပြုသူကို သတိပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ အစားအစာများစားသောက်ရာတွင် ထိန်းချုပ်သတိပေးနိုင်သောကြောင့် ပုံမှန်ထက် ပိုမိုစားသုံးခြင်းကြောင့် အဝလွန်ခြင်း စသောအခြေအနေများကို ထိန်းချုပ်ပေးသွားနိုင်မည့်ဆွဲကြိုး သို့မဟုတ် စမတ်လည်ဆွဲဖြစ်ကြောင်း သိရသည်။ အဆိုပါ စမတ်ဆွဲကြိုးကို ၂၀၁၇ ခုနှစ်အတွင်းက စတင်စမ်းသပ်ပြီး ယခုနှစ်အတွင်း ထုတ်လုပ်ဖြန့်ချိပေးသွားနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်းလည်း သိရသည်။



**ALEX**

# လပေါ်တွင် သက်ရှိများနေထိုင်ခဲ့ကြောင်း ပညာရှင်အချို့က အတည်ပြု



ကမ္ဘာမြေမှလူသားများ နေ့စဉ်နီးပါးမြင်တွေ့နေရသော လပေါ်တွင် သက်ရှိများ နေထိုင်ခဲ့ဖူးကြောင်း ပညာရှင်အချို့က အတည်ပြုပြောကြားလိုက်ကြောင်း သိရသည်။ လပေါ်တွင် သက်ရှိများနေထိုင်ခဲ့ဖူးသည်ဟု အတည်ပြုပြောကြားလိုက်ခြင်းမှာ ခန့်မှန်းပြောကြားခြင်းမဟုတ်ဘဲ တွေ့ရှိမှုအချက်အလက်များအပေါ် အခြေခံကာ အတည်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

လပေါ်တွင်တွေ့ရှိရသည့် ရေအိုင်နှင့် ရေမျက်နှာပြင်များကို အခြေခံကာ ရေထုတည်ရှိနေသည့်အတွက် လေထုလည်း တည်ရှိနေနိုင်မည်ဟု သက်သေပြနိုင်ရန် ကြိုးစားနေကြပြီး လေထုတည်ရှိပါက သက်ရှိများ ရှင်သန်ပေါက်ဖွားခဲ့နိုင်သည်ဟု အဆိုပါပညာရှင်များက ပြောကြားခဲ့ကြသည်။ လပေါ်ရှိ မြေမျက်နှာသွင်ပြင်အနေအထားအရ မီးတောင်များလည်း ရှိခဲ့နိုင်ကာ ပေါက်ကွဲမှုများဖြစ်ပေါ်ခဲ့မှုကြောင့် အဆိုပါ သက်ရှိများ ပျောက်ကွယ်သွားနိုင်ခြင်းလည်းဖြစ်နိုင်ကြောင်း သိရသည်။ လပေါ်တွင် အလွန်အေးသောရာသီဥတုအခြေအနေများကြောင့် သက်ရှိများရှိခဲ့လျှင် ကမ္ဘာပေါ်ရှိ ဝင်ရိုးစွန်းဒေသများမှ သက်ရှိများကဲ့သို့ အမွေးထူသတ္တဝါများ၊ ဒိုင်နိုဆောများကဲ့သို့ ရာသီဥတုဒဏ်ခံနိုင်သည့် သက်ရှိများ ရှင်သန်ပေါက်ဖွားကာ နေထိုင်ခဲ့နိုင်ကြောင်း ၎င်းပညာရှင်များက ပြောကြားခဲ့သည်။

သို့ရာတွင် သက်ရှိများရှိခဲ့သည်ဟူသည့် ပြောကြားချက်များကို လက်တွေ့ယုံကြည်နိုင်စေရန် သက်ရှိရုပ်ကြွင်းများကိုမူ မရှာဖွေမတွေ့ရှိဘဲ ရေထု၊ လေထုနှင့် ရာသီဥတုအခြေအနေများကိုခန့်မှန်းကာ ၎င်းတို့က ပြောကြားနေကြခြင်းဖြစ်ကြောင်း ပြန်လည်ပြောကြားချက်များကိုလည်း တွေ့ရှိနေရသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၃ ဒသမ ၇ ဘီလီယံခန့်တွင် လပေါ်၌ ပြင်းထန်သည့် မီးတောင်ပေါက်ကွဲမှုများရှိခဲ့ပြီး ကမ္ဘာပေါ်တွင် သက်ရှိများ စတင်ပေါ်ပေါက်လာသည့်အချိန်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ၃ ဒသမ ၈ ဘီလီယံ နှစ်များမှ အစပြုခဲ့ရာ အဆိုပါလပေါ်မှသက်ရှိများမှာ မီးတောင်ပေါက်ကွဲမှု သို့မဟုတ် ဥက္ကာခဲများဝင်ရောက် တိုက်မိခြင်းများမှ ရောက်ရှိလာနိုင်ကြောင်း ဆိုကြသည်။

**ဇာဏီ**



# မျက်ခုံးမွေးတွေကို ရိတ်ပစ်ခဲ့တဲ့ ရီဟားနား

ပေါ့ပ်ကြယ်ပွင့် ရီဟားနားကိုတော့ ဗြိတိန်နိုင်ငံထုတ် "Vogue" မဂ္ဂဇင်းရဲ့ လာမယ့်စက်တင်ဘာလထုတ် မဂ္ဂဇင်းမျက်နှာဖုံးရှင်အဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒီအတွက် မဂ္ဂဇင်းမျက်နှာဖုံး ပြင်ဆင်ရိုက်ကူးဖို့ရာ ရီဟားနားက သူ့ရဲ့ မျက်ခုံးမွေးတွေကို အကုန်လုံးရိတ်ပစ်ခဲ့တာ ဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အေးပြည့်
ရေးသားသည်

# ချစ်သူနဲ့ လမ်းခွဲလိုက်ပြီဖြစ်တဲ့ ဟယ်ရီစတိုင်





ပေါ့ပ်ကြယ်ပွင့် ဟယ်ရီစတိုင်ဟာ လတ်တလောမှာတော့ တစ်နှစ်ကျော်ကြာ လက်တွဲလာခဲ့တဲ့ ချစ်သူ ကမ်မေးရိုဝီနဲ့ လမ်းခွဲလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။ ဗြိတိန်ရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်နဲ့ သူ့ရဲ့ချစ်သူ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ကမ်မေးရိုဝီတို့ဟာ တစ်နှစ်ခန့်အတူရှိခဲ့ကြပြီးနောက် လမ်းခွဲလိုက်တာဖြစ်ကြောင်း ဟောလိဝုဒ်မီဒီယာများစွာက ရေးသားဖော်ပြချက်တွေကို ကိုးကားကာ အီးအွန်လိုင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

သူတို့နှစ်ဦးလမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေကို စတင်သယ်ဆောင်လာသူကတော့ သည်ဆန်းသတင်းစာဖြစ်ပါတယ်။ ဇူလိုင်လအတွင်းမှာ ဟယ်ရီစတိုင်ဟာ သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ် "Sign of the Time"အတွက် နယ်လှည့်ဖျော်ဖြေရေး အစီအစဉ်တွေကို အဆုံးသတ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီခရီးစဉ်တွေအနက် ပြီးခဲ့တဲ့ သီတင်းပတ် နှစ်ပတ်ခန့် ပြုလုပ်ခဲ့တဲ့ လော့စ်အန်ဂျလိစ်က ဖျော်ဖြေပွဲမှာတော့ ဟယ်ရီစတိုင်ကို ချစ်သူဖြစ်တဲ့ ကမ်မေးရိုဝီက လာရောက်အားပေးခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် ဖျော်ဖြေပွဲတွေပြီးဆုံးခဲ့ပြီးနောက် လတ်တလောမှာတော့ ယခုလို သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာတာပဲ ဖြစ်ပါတယ်။

ဟယ်ရီစတိုင်နဲ့ ကမ်မေးရိုဝီတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း နှစ်ဦးစလုံးနဲ့ ခင်မင်တဲ့ သူငယ်ချင်းတစ်ဦးရဲ့ မိတ်ဆက်ပေးမှုကြောင့် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ စတင်တွေ့ဆုံစဉ်ကတည်းက အသက် ၂၈ နှစ်အရွယ် ပေါ့ပ်ကြယ်ပွင့်က သူနဲ့ ကမ်မေးရိုဝီတို့ သိကျွမ်းခြင်းမရှိကြောင်း ရေဒီယိုအင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ နောက်ပိုင်းမှာ သူတို့နှစ်ဦးအတူတွဲကာ သွားလာခဲ့ကြတဲ့ ပုံရိပ်တွေကို မီဒီယာစာမျက်နှာတွေပေါ်မှာ တွေ့မြင်ခဲ့ရပေမယ့် ချစ်သူတွေဖြစ်နေကြောင်းကိုတော့ တရားဝင်ထုတ်ဖော်ပြောကြားလာခြင်း မရှိပါဘူး။

ဒ့ါအပြင် အင်တာဗျူးမှာ ဟယ်ရီစတိုင်ကို ကမ်မေးရိုဝီရဲ့ ဓာတ်ပုံပြသခဲ့ရာမှာတော့ သူဟာ ဓာတ်ပုံထဲက မိန်းကလေးကို အပြင်မှာ တွေ့တောင်မတွေ့ဖူးကြောင်း၊ သို့သော် လှပတဲ့ အမျိုးသမီးတစ်ဦးဖြစ်တယ်လို့တော့ ထင်မိကြောင်း ပြောကြားခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း သူတို့နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး ဝန်ခံခဲ့ခြင်း မရှိပါဘူး။ ဟယ်ရီစတိုင်ဟာ "One Direction"အဖွဲ့ဝင်တစ်ဦးအဖြစ် ဂီတလမ်းကြောင်းကို စတင်လျှောက်လှမ်းခဲ့သည်မှ လက်ရှိအချိန်အထိ သူ့ရဲ့ အချစ်ရေးနဲ့ပတ်သက်ပြီး တစ်ခါမျှ ဝန်ခံခဲ့ခြင်းမရှိပါဘူး။ သူဟာ ယခင်ကလည်း နာမည်ကျော်တွေနဲ့ ချစ်သူဖြစ်ခဲ့ပေမယ့် ချစ်သူတွေဖြစ်နေကြောင်း တရားဝင်ပြောကြားခဲ့ခြင်း မရှိပါဘူး။ ဟယ်ရီနဲ့ လက်တွဲခဲ့ဖူးသူတွေထဲမှာတော့ ကျော်ကြားတဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ကန်ဒဲလ်ဂျန်နာနဲ့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်တို့လည်း ပါဝင်နေတာဖြစ်တယ်လို့ သိရပါတယ်။

# BTS မှ ဗွီ ရဲ့အဘိုးဖြစ်သူ ကွယ်လွန်

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဗွီရဲ့ အဘိုးဖြစ်သူဟာ လတ်တလောမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင် ၃၁ ရက်မှာတော့ ဗွီဟာ အဘိုးဖြစ်သူရဲ့ အသုဘအခမ်းအနားတက်ရောက်ဖို့ရာ ဇာတိမြေ ဒယ်ဂူကို မိသားစုဝင်တွေနဲ့အတူ ပြန်ခဲ့ပါတယ်။ ဗွီဟာ ယခင်ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတွေမှာ အဘိုးဖြစ်သူနဲ့ အမှတ်တရတွေ များစွာရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားလေ့ရှိပါတယ်။ ဒ့ါအပြင် သူ့ရဲ့ အဘွားဖြစ်သူလည်း ကွယ်လွန်သွားခဲ့ပြီး ဖြစ်ကြောင်း သိရပါတယ်။






# ရုပ်သံအစီအစဉ်မှာ ပါဝင်ထားတဲ့ အိုင်ယူ

တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်လည်း အောင်မြင်ပြီး သရုပ်ဆောင်နယ်ပယ်မှာလည်း ဇာတ်ဆောင်တစ်ဦးအဖြစ် နေရာရလာခဲ့ပြီဖြစ်တဲ့ အိုင်ယူဟာ လတ်တလောမှာတော့ ရုပ်သံအစီအစဉ်မှာ ပါဝင်ထားကြောင်း သိရပါတယ်။ စတင်ထုတ်လွှင့်မယ့် ရုပ်သံအစီအစဉ်သစ်ဖြစ်ပြီး ယင်းအစီအစဉ်မှာ အိုင်ယူဟာ ပထမဆုံးပါဝင်ထားတဲ့ ဧည့်သည်သရုပ်ဆောင်ဖြစ်တယ်လို့လည်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၃၀ ရက်မှာတော့ အဆိုပါအစီအစဉ် "Let's Eat Coolly"ကို တာဝန်ယူထုတ်လွှင့်သွားမယ့် SBS ရုပ်သံလိုင်းက အိုင်ယူပါဝင်ထားတဲ့ အစီအစဉ်ရဲ့ ပထမတစ်ပိုင်းကို ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း ပြောကြားလာတာ ဖြစ်ပါတယ်။




STI MYANMAR UNIVERSITY
ကမ္ဘာ့အဆင့်မီအတွဲ့ရယူလိုက်ပါ။

ပိုမိုကောင်းမွန်သောအနာဂတ်အတွက် ယုံကြည်စိတ်ချစွာယနေ့ပင်စတင်လိုက်ပါ။

MSc (Public Health)

MSc (Nutrition and Dietetics)



University of Bedfordshire, UK မှချီးမြှင့်သော MSc (Public Health) နှင့် MSc (Nutrition and Dietetics) မဟာဘွဲ့သင်တန်းများ၏ September 2018 Intake ကိုလျှောက်ထားနိုင်ပါသည်။

15th August နောက်ဆုံးထားပြီး ကျောင်းအပ်နှံသူများအတွက် Early Bird Discount အနေဖြင့် USD 2000 ရရှိမှာဖြစ်တဲ့အပြင် Organization တစ်ခုအတွင်းမှ (၃)ဦး နှင့်အထက်အပ်နှံပါက Group Discount ထပ်မံရရှိမည်ဖြစ်ပါသည်။

WORLD CLASS DEGREE IN PARTNERSHIP WITH UNIVERSITY OF BEDFORDSHIRE (UK)

in partnership with University of Bedfordshire

Admission Opens Apply Today

- Building-10, MICT Park, University Hlaing Campus, Hlaing Township, Yangon. Tel: 09955 1234 48 ~ 49
- No.377,387/397, Upper Shwe Bon Thar St., Pabedan Township, Yangon. Tel: 09420 1831 55, 09420 1317 30
- B-15/16, Corner of 66th & Thazin Street, Chan Mya Tharzi Township, Mandalay. Tel: 09783 8000 62~64

https://www.facebook.com/STIMyanmarUni www.stiedu.net


## အလုပ်ကြော်ငြာ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန

ကမ္ဘာ့ဘဏ်အကူအညီဖြင့်ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ရေကြီး၊ရေလျှံမှုနှင့်မြေပြိုမှုများကြောင့် အရေးပေါ် ပြန်လည်ထူထောင်ရေး စီမံကိန်း (Flood and Landslide Emergency Recovery Project)၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် နိုင်ငံသား စီမံကိန်းအကြံပေးဝန်ထမ်းများ ငှားရမ်းလိုပါသည်။

| စဉ် | ရာထူးအမည် | Reference | ကာလ | ဦးရေ |
|---|---|---|---|---|
| ၁။ | National Social Safeguards and GRM Specialist | C4-DOH-CS09 | ၁၂ လ | (၁)ဦး |
| ၂။ | National Hydrologist | C4-DOH-1C06 | ၁ လ | (၁)ဦး |
| ၃။ | National Project Assistant | C4-MOC-CS02 | ၁၂ လ | (၁)ဦး |
| ၄။ | National Procurement Assistant | C4-MOC-CS03 | ၁၂ လ | (၁)ဦး |

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင် လုပ်ငန်း အတွေ့အကြုံအသေးစိတ်၊မိမိလျှောက်ထားလိုသောရာထူးနှင့် Referenceနံပါတ်များကို တိကျစွာ ဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ (၂၁-၈-၂၀၁၈)ရက် နောက်ဆုံးထား၍ အီးမေးလ်ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းနှင့်လုပ်ငန်းတာဝန်အကြောင်း ရာထူးတစ်ခုစီအတွက် လိုအပ်သော အရည်အချင်းအသေးစိတ်ပါဝင်သော (Terms of Reference-TOR) ကို အောက်ဖော်ပြပါလိပ်စာသို့ ဆက်သွယ်ရယူနိုင်ပါသည်။

**လိပ်မူရန်-ဦးခင်ဇော်(အင်ဂျင်နီယာချုပ်)၊လမ်းဦးစီးဌာန၊ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်။ ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၀၇၆၅၈၊ Email-flerp.moc@gmail.com**

## အသိပေးကြေညာခြင်း

ကျွန်တော် ဦးသောင်းလွင် [၁၄/ပသန(နိုင်)၁၉၀၂၂၃]၏ ဆတ-၀၃၂/၀၈ သည် ပုသိမ်မြို့သင်္ဘောကျင်း၌ သင်္ဘောမီးလောင်မှု ဖြစ်ပွားချိန်တွင် မီးလောင် ပျက်စီးသွားခဲ့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသောင်းလွင်**
**ဖုန်း-၀၉-၇၇၃၅၁၀၉၇၇**

## ရန်ကုန်လိုင်စင်ကားရောင်းမည်

Alphard 2003 (၇)ယောက်စီး လျှောက်လမ်းပါအလိုက် ၂ချပ်အော်တို TV နှစ်လုံးနှိုင်းရောင်လိုင်စင်အသစ် ၃၃၃ သိန်းညှိနိုင်
09450030589,09421966133

## အမြန်ရောင်းမည်

လှိုင်သာယာ၊အဆင့်မြင့်ရပ်ကွက်၊ နဝရတ်(၂)လမ်း၊ (၆၀×၅၀)မြေကွက်
09264590106

## ကားရောင်းမည်

ဆူဇူကီး R-1000CC ပစ်ကပ် အဖြူရောင်သံအမိုးကိုင်း၊ ၅၁/အင်ဂျင်ကိုင်ပြီး ၄၆သိန်း
ဖုန်း-၀၉-၄၂၂၄၉၉၁၂၇

## အိမ်နှင့်မြေရောင်းမည်
## ဂရန်ပါ

ဒေါပုံမြို့နယ်၊ သီတာလမ်း၊ ပေ(၂၅×၅၀)မြေတွင် ပေ(၁၅×၅၀)အိမ်နှင့် မြေရောင်းမည်။ သိန်း ၃၂၀
ဖုန်း-၀၉-၄၂၂၄၉၉၁၂၇

## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမှပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

[illegible]

SHWE MI FURNITURE

မှတ်ပုံတင်နံပါတ်အမှတ် - ၄/၈၀၄၁/၂၀၁၈

[illegible]

လွှဲအပ်သွန်ကြားချက်အရ -
ဒေါ်ယဉ်ယဉ်ကြည် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၈)
[illegible]
ဖုန်း-[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မလွှကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၆၅)တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ယာဘက်ခြမ်း (၄)လွှာ၊ ပေ(၁၈×၅၄)ရှိ တိုက်ခန်းကိုလက်ရှိပိုင်ရှင် ဒေါ်စန်းစန်းမြင့်(ဘ) ဦးငမိုး၊ [၁၁/ကဖန(နိုင်)၀၇၆၀၈၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းကို အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်သွန်ကြားချက်အရ-**
**ဒေါ်အေးကြူ M.A;R.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၅၄/၈၀)**
**၂၉၄(က)၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၃၃၄၅၉၊ ၀၁-၆၄၁၃၉၂**

# တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏


City Mart
WE ARE 22!
22nd ANNIVERSARY
၂၂ နှစ်ပြည့် ဈေးရောင်းပွဲတော်ကြီး
2nd ~ 15th Aug, 2018
22% Discount! & Gifts!
ကျပ် ၅၀,၀၀၀ ဖိုး ဝယ်ယူမှုတိုင်းအတွက် Gift Voucher Ks. 2,000 တန် ရရှိမည့် အခွင့်အရေး..!
LOTTE
-Custard Cream Cakes
-Pie Choco
12's 276g/ 336g
22% Off
Ks.2050 ~ Ks.2750
GERY
Crackers
-Cheese/ Coconut 200g
-Crunch Wafer Roll Caramel & Chocolate 288g
FREE
Ks.1650 ~ Ks.2100
* Buy any 3 Pack, Get 1 100g
CALSOME
Instant Cereal
30's 750g
Ks. 2850
2450
ROYAL MYANMAR
Tea Mix
30's 600g
Ks. 3100
2700
NESCAFE
Coffee
-Red Cup (Bottle) 200g
-Blend&Brew Rich&Aroma Special 3 Packs
FREE
Ks.5400 ~ Ks.5900
* Buy 1, Get Bag
NESTLE
Milo
FREE
Ks.1350 ~ Ks.4200
* Buy any Ks.4000, Get Towel
COCA COLA
-Coke 4'sx330ml
-Zero 6'sx330ml
SPRITE 6'sx330ml
FREE
Ks.1950 ~ Ks.2900
* Buy any 2 Packs, Get Umbrella
KNORR
Seasoning Powder
-Chicken 400g
-Fish (Special Pack) 2'sx350g
20% Off
Ks.1450 ~ Ks.2700
MEIZAN
Sunflower Oil
2Ltr
22% Off
Ks. 4900
3850
MAYBELLINE
Fit Me Matt+ Poreeless
-Foundation/ Pressed Powder
FREE
Ks.11500 ~ Ks.13500
* Buy any 2, Get 3 Gift Coupon Ks.2000
BELLA
Selected Cosmetic Items
15% Off
Ks.2600 ~ Ks.4850
MAMYPOKO
Baby Diaper Pants
Extra Soft Series
FREE
Ks. 15600
14000
* Buy any 2, Get Basket
CLEAR
Shampoo
340ml
20% Off
Ks. 3900
3100
E-LAN
Detergent Powder
Pure Scent
-850g/ 2.7kg
20% Off
Ks.1300 ~ Ks.3850
LOCK & LOCK
Leve Fry Pan
-Red/ Marble
20% Off
Ks.13000 ~ Ks.16000
FARFALLLA
Deep Fryer
FDF-001
900Watts
1.5Ltr
with Non-Stick Coated Pot
Can Fry Potato, Chicken, Egg etc...
Ks. 41600
35500
KANGAROO
Induction Cooker
KG-3511
2000Watts
with 8 Cooking Functions
Touch Scan Control
23% Off
Ks. 45900
35000
WE ACCEPT TELEPHONE ORDER
email: enquiry@cmhl.com.mm
Hot Line: 01-253022
Prices may change without prior notice. While Stocks Last!
All items limited to 6pcs per customer.
Delivery Order Contact
Aung San Branch Ph-01-253022
FMI Branch Ph-09-421113273 01-3682323
Orders before 1pm will be delivered within the same day
Orders received after 1pm will be delivered the next day (within the afternoon)
www.citymart.com.mm
citymart_supermarket
www.facebook.com/CityMartSupermarketMyanmar

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၇) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဠ - ၉၅၅၆၇၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဆ - ၃၂၆၇၇၂ ခ - ၆၅၁၀၈၈

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ဃ - ၁၅၀၈၄၅ ဍ - ၉၇၀၄၅၉

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဝ | ၂၂၃၃၃၇ | ဂ | ၇၃၅၅၇၀ | ဆ | ၉၅၆၉၆၈ |
| ထ | ၇၂၉၀၃၆ | ကဇ | ၈၀၉၉၉၅ | | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ည | ၂၈၀၉၃၂ |
| က | ၄၁၀၂၆၂ |
| ဇ | ၄၇၉၂၄၇ |
| ကခ | ၆၂၆၇၃၃ |
| င | ၇၃၂၁၂၉ |
| ကဍ | ၇၄၁၃၄၃ |
| မ | ၈၉၅၄၀၈ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

| | |
|---|---|
| ပ | ၁၄၉၁၁၆ |
| ဏ | ၂၃၆၈၈၄ |
| ကဆ | ၂၇၈၆၁၀ |
| ဒ | ၂၈၉၉၈၆ |
| ဖ | ၃၉၈၉၀၅ |
| သ | ၅၉၈၆၉၈ |
| င | ၆၂၃၁၈၁ |
| ကဂ | ၆၂၅၈၁၂ |
| ဍ | ၇၀၃၄၂၈ |
| ကဋ | ၇၇၄၃၆၄ |
| င | ၉၃၁၉၈၀ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| ကဂ | ၁၁၆၄၁၃ |
| ကဋ | ၁၃၀၀၁၄ |
| ကခ | ၂၈၃၁၀၉ |
| ဟ | ၃၄၃၂၅၀ |
| ထ | ၃၈၂၅၂၁ |
| ကက | ၄၆၇၅၁၂ |
| ဒ | ၆၀၀၈၀၅ |
| ကည | ၆၀၆၁၈၈ |
| စ | ၆၇၃၉၅၇ |
| င | ၈၃၁၁၄၈ |
| ဒ | ၉၃၇၅၅၀ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| အ | ၃၄၅၄၆၀ | ထ | ၈၀၅၁၇၁ |
| ဗ | ၄၁၈၆၈၃ | ဗ | ၈၄၇၃၇၄ |
| ကဂ | ၅၅၈၇၃၃ | အ | ၈၄၈၅၇၉ |
| ဒ | ၅၅၉၈၁၄ | ကည | ၉၅၄၃၉၂ |
| ဟ | ၆၄၇၀၇၅ | ပ | ၉၆၃၃၆၉ |
| န | ၇၂၄၆၈၃ | ဝ | ၉၆၇၈၂၁ |
| ထ | ၇၄၂၄၃၈ | | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀)ဆုများ

| | | | |
|---|---|---|---|
| ထ | ၂၁၆၅၇၈ | ရ | ၆၀၈၂၅၈ |
| ခ | ၂၂၆၁၇၂ | ဗ | ၆၂၁၄၅၅ |
| ဏ | ၃၀၂၈၈၄ | တ | ၇၀၈၃၆၃ |
| င | ၃၉၀၀၁၄ | ဘ | ၈၁၀၂၇၂ |
| စ | ၄၁၇၇၆၈ | ပ | ၈၁၃၉၃၄ |
| ဃ | ၄၉၈၀၁၄ | သ | ၉၀၆၃၄၃ |
| အ | ၅၂၉၆၁၅ | ဗ | ၉၆၁၅၅၄ |
| စ | ၅၈၆၅၂၆ | | |

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ကည - ၁၀၁၂၃၂ | ကည - ၆၅၃၉၅၃ | မ - ၇၁၈၃၉၄ | အ - ၉၄၆၇၃၁ |
| ကဍ - ၄၂၀၉၀၈ | ခ - ၆၇၉၃၃၅ | မ - ၇၅၀၇၁၅ | သ - ၉၇၁၅၁၇ |
| ကဈ - ၄၉၈၇၉၇ | ဇ - ၆၉၅၄၁၉ | ထ - ၇၈၉၂၉၂ | ဃ - ၉၉၈၀၈၄ |
| ကစ - ၅၃၈၉၂၄ | ပ - ၇၁၇၇၈၂ | အ - ၉၂၆၁၂၉ | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ဟ - ၁၂၁၁၄ (ဟ-၁၂၁၁၄၀ မှ ဟ-၁၂၁၁၄၉ထိ) | စ - ၃၀၉၀၁ (စ-၃၀၉၀၁၀ မှ စ-၃၀၉၀၁၉ထိ) |
| သ - ၁၅၆၅၄ (သ-၁၅၆၅၄၀ မှ သ-၁၅၆၅၄၉ထိ) | ကဂ - ၃၂၄၈၃ (ကဂ-၃၂၄၈၃၀ မှ ကဂ-၃၂၄၈၃၉ထိ) |
| တ - ၂၁၅၁၅ (တ-၂၁၅၁၅၀ မှ တ-၂၁၅၁၅၉ထိ) | ဝ - ၄၀၉၃၆ (ဝ-၄၀၉၃၆၀ မှ ဝ-၄၀၉၃၆၉ထိ) |
| တ - ၂၃၉၁၅ (တ-၂၃၉၁၅၀ မှ တ-၂၃၉၁၅၉ထိ) | ဂ - ၉၄၉၁၅ (ဂ-၉၄၉၁၅၀ မှ ဂ-၉၄၉၁၅၉ထိ) |
| ည - ၂၆၄၂၄ (ည-၂၆၄၂၄၀ မှ ည-၂၆၄၂၄၉ထိ) | ဝ - ၉၉၉၃၉ (ဝ-၉၉၉၃၉၀ မှ ဝ-၉၉၉၃၉၉ထိ) |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ကဈ - ၁၇၈၉ (ကဈ-၁၇၈၉၀၀ မှ ကဈ-၁၇၈၉၉၉ထိ) | ဌ - ၅၇၈၄ (ဌ-၅၇၈၄၀၀ မှ ဌ-၅၇၈၄၉၉ထိ) |
| ဟ - ၂၄၂၅ (ဟ-၂၄၂၅၀၀ မှ ဟ-၂၄၂၅၉၉ထိ) | ဆ - ၆၅၆၁ (ဆ-၆၅၆၁၀၀ မှ ဆ-၆၅၆၁၉၉ထိ) |
| ကဍ - ၂၇၇၅ (ကဍ-၂၇၇၅၀၀ မှ ကဍ-၂၇၇၅၉၉ထိ) | ဆ - ၈၅၇၆ (ဆ-၈၅၇၆၀၀ မှ ဆ-၈၅၇၆၉၉ထိ) |
| ဌ - ၃၁၉၉ (ဌ-၃၁၉၉၀၀ မှ ဌ-၃၁၉၉၉၉ထိ) | ကည - ၈၇၁၁ (ကည-၈၇၁၁၀၀ မှ ကည-၈၇၁၁၉၉ထိ) |
| အ - ၄၇၈၂ (အ-၄၇၈၂၀၀ မှ အ-၄၇၈၂၉၉ထိ) | ဟ - ၉၀၅၆ (ဟ-၉၀၅၆၀၀ မှ ဟ-၉၀၅၆၉၉ထိ) |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| ကဈ - ၁၉၀ (ကဈ-၁၉၀၀၀၀ မှ ကဈ-၁၉၀၉၉၉ထိ) | ည - ၄၆၁ (ည-၄၆၁၀၀၀ မှ ည-၄၆၁၉၉၉ထိ) | ဝ - ၈၄၄ (ဝ-၈၄၄၀၀၀ မှ ဝ-၈၄၄၉၉၉ထိ) | ကဃ - ၉၄၂ (ကဃ-၉၄၂၀၀၀ မှ ကဃ-၉၄၂၉၉၉ထိ) |
| ကစ - ၄၂၅ (ကစ-၄၂၅၀၀၀ မှ ကစ-၄၂၅၉၉၉ထိ) | ကည - ၅၀၇ (ကည-၅၀၇၀၀၀ မှ ကည-၅၀၇၉၉၉ထိ) | လ - ၈၇၁ (လ-၈၇၁၀၀၀ မှ လ-၈၇၁၉၉၉ထိ) | ကဆ - ၉၈၁ (ကဆ-၉၈၁၀၀၀ မှ ကဆ-၉၈၁၉၉၉ထိ) |
| ကဌ - ၄၃၀ (ကဌ-၄၃၀၀၀၀ မှ ကဌ-၄၃၀၉၉၉ထိ) | ထ - ၇၄၁ (ထ-၇၄၁၀၀၀ မှ ထ-၇၄၁၉၉၉ထိ) | ဖ - ၈၉၀ (ဖ-၈၉၀၀၀၀ မှ ဖ-၈၉၀၉၉၉ထိ) | |
| ထ - ၄၅၅ (ထ-၄၅၅၀၀၀ မှ ထ-၄၅၅၉၉၉ထိ) | ယ - ၇၆၄ (ယ-၇၆၄၀၀၀ မှ ယ-၇၆၄၉၉၉ထိ) | | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | |
|---|---|
| ဝ - ၁၀ (ဝ-၁၀၀၀၀၂ မှ ဝ-၁၀၉၉၉၉ထိ) [ဝ - ၁၀၃၅၅၅ ဝ-၁၀၈၄၂၃] ပုံနှိပ်စဉ်ကပင်ပါဝင်ခြင်းမရှိသည့် ဝ–၁၀၀၀၀၀ နှင့် ဝ–၁၀၀၀၀၁ ဂဏန်းများအတွက် ပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ဆုမဲ၂ဆုဖြစ်ပါသည်။ | ဈ - ၇၂ (ဈ-၇၂၀၀၀၀ မှ ဈ-၇၂၉၉၉၉ထိ) |
| | ဌ - ၇၂ (ဌ-၇၂၀၀၀၀ မှ ဌ-၇၂၉၉၉၉ထိ) |
| ဍ - ၃၂ (ဍ-၃၂၀၀၀၀ မှ ဍ-၃၂၉၉၉၉ထိ) | ဏ - ၈၄ (ဏ-၈၄၀၀၀၀ မှ ဏ-၈၄၉၉၉၉ထိ) |
| ဘ - ၃၄ (ဘ-၃၄၀၀၀၀ မှ ဘ-၃၄၉၉၉၉ထိ) | င - ၉၇ (င-၉၇၀၀၀၀ မှ င-၉၇၉၉၉၉ထိ) |
| ခ - ၄၁ (ခ-၄၁၀၀၀၀ မှ ခ-၄၁၉၉၉၉ထိ) | ဏ - ၉၇ (ဏ-၉၇၀၀၀၀ မှ ဏ-၉၇၉၉၉၉ထိ) |
| က - ၆၈ (က-၆၈၀၀၀၀ မှ က-၆၈၉၉၉၉ထိ) | ကဌ - ၉၇ (ကဌ-၉၇၀၀၀၀ မှ ကဌ-၉၇၉၉၉၉ထိ) |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင်ကျင်းပသည့် (၁၇) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၄၁၈၂)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၈) ကြိမ်မြောက် ကျပ်(၅၀၀)တန် အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (အ) အက္ခရာထိ၊ (ကက) အက္ခရာမှ (ကဍ) အက္ခရာထိ အက္ခရာအလုံး (၄၆)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူ လုပ်ငန်းရှင်အသစ်များအနေဖြင့် ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ် အုပ်ရေ (၁၀၀) လျှင် ကျပ် (၃၀၀၀၀) တန် **PO** ကို **Deposit** တင်ပြီး ကျသင့်ငွေကို ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် ဘဏ်ခွဲ(၅)တွင် ပေးသွင်းရပါမည်။ ထီစာအုပ်များကို အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် (၉ . ၈ . ၂၀၁၈) ရက်နေ့မှ (၂၄ . ၈ . ၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၃ . ၈ . ၂၀၁၈ )

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**


ဆန်းသစ်တဲ့
MAB Mobile App ရဲ့
အတွေ့အကြုံသစ်
MAB
MOBILE BANK
Available on the App Store
GET IT ON Google Play
MAB Mobile App ၏ ထူးခြားသော Digital ဝန်ဆောင်မှုများ
Finger Print
Peek Balance
QR Pay
Instant Opening of wallet Account
Bill Payment
Prepaid Topup
P2P QR transfer
မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်
Call Centre
+95 (1) 861 0612

# ဒုတိယသမ္မတ ဦးမြင့်ဆွေ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်





ဒုတိယသမ္မတ ဦးမြင့်ဆွေ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကျင်းပရေး ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကျင်းပရေး ဦးစီးကော်မတီညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် ဒေါက်တာဝင်းမြတ်အေး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်အောင်သူ၊ ဦးအောင်လှထွန်းနှင့် ဒေါက်တာမြလေးစိန်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ကျင်းပရေး ဦးစီးကော်မတီကို ဒုတိယသမ္မတ ဦးဆောင်၍ အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့ကာ လုပ်ငန်းတာဝန်သုံးရပ် ချမှတ်ခဲ့ပါကြောင်း၊ ယင်းလုပ်ငန်း တာဝန်သုံးရပ်မှာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မူဝါဒချမှတ်ပေးခြင်း၊ လူငယ်များ၏

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

# ကရင်ပြည်နယ်အတွင်း ရေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဘားအံ ဩဂုတ် ၁**

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်သူအချို့သည် ရေဘေးဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိရာ ဩဂုတ် ၁ ရက် မွန်းလွဲပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် ကော့မူးတာကျေးရွာအုပ်စုနှင့် ရွှေတောကျေးရွာအုပ်စုများသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကော့မူးတာကျေးရွာသို့ စက်လှေများဖြင့် သွားရောက်ပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကား ပြောကြားပြီး ကော့မူးတာကျေးရွာအုပ်စုရှိ ကော့မူးတာ၊ နောင်ကုန်း၊ ကော့ဝါးဆူး၊ ကော့မလောက်နှင့် ရေအေးကျေးရွာများရှိ ရေဘေးသင့်အိမ်ထောင်စု ၂၀၀ အတွက် ဆန်၊ ဆီ၊ ကြက်သွန်၊ အာလူး၊ ပဲဝါခြမ်း၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ ငါးခြောက်ကြော်၊ အာလူးချောင်းကြော် အစရှိသည့် စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်သည်။



ကရင်ပြည်နယ်အတွင်း ရေဘေးသင့်ကျေးရွာများရှိ အိမ်ထောင်စုများအတွက် ဆန်နှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်စဉ်။

အလားတူ ရွှေတောကျေးရွာအုပ်စုရှိ ရွှေတော၊ ကော့ပရံ၊ ကော့လုံးစိန်၊ ကော့အီမိုက်၊ နတ်ကျွန်းကျေးရွာများရှိ ရေဘေးသင့်အိမ်ထောင်စု ၂၀၀ အတွက် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ဘားအံမြို့နယ်တွင် အဓိကအားဖြင့် သံလွင်မြစ်ကမ်းဘေးရှိ ကျေးရွာအုပ်စု ၂၂ အုပ်စုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနေပြီး ဂျိုင်းမြစ်ကမ်းဘေးရှိ ကျေးရွာများတွင်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းပေါင်း ၁၆ ခု ဖွင့်လှစ်၍ ဩဂုတ် ၁ ရက်တွင် အိမ်ထောင်စု ၂၄၆၃ စု၊ လူဦးရေ ၁၂၂၃၄ ဦး ပြောင်းရွှေ့နေထိုင်လျက်

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ■



မြန်မာ ယူ-၂၃ အတွက် ဒုတိယဂိုးကို မြတ်ကောင်းခန့် သွင်းယူစဉ်။

# လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် တောင်ကိုရီးယား ယူ-၁၉ က မြန်မာ ယူ-၂၃ ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရ

**မန္တလေး ဩဂုတ် ၁**

Alpine Cup 2018 လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ စတင်ကျင်းပသည်။

မြန်မာ ယူ-၂၃ အသင်း၏ အာရှအားကစားပြိုင်ပွဲအကြို ပထမဆုံးနိုင်ငံတကာပွဲမှာ ရလဒ်မကောင်းဘဲ ရှုံးပွဲဖြင့် စတင်ခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် တောင်ကိုရီးယားအသင်းနှင့် ခြေစွမ်းပိုင်းကွာခြားခဲ့ပြီး လေးဂိုးပြတ် အသွင်းခံရပြီးမှ သုံးဂိုးပြန်သွင်းနိုင်ခဲ့သောကြောင့် တစ်ဂိုးဖြင့်သာ ကပ်၍ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်း၏ ပွဲထွက်လူစာရင်းတွင် ဇော်မင်းထွန်း၊ ကျော်ဇင်ထက်၊ စည်သူအောင်၊ မောင်မောင်လွင် စသည့် အတွေ့အကြုံရှိသည့် ကစားသမားများ ပါဝင်သလို လူငယ်ကစားသမားများကိုလည်း ထည့်သွင်းအသုံးပြုခဲ့သည်။

**စာမျက်နှာ ၆ ကော်လံ ၃ သို့** ❖

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၇ တဆထလ/တိုး(၅၄)၊ ကိုင်းရင်းဆေးတံဆိပ်မှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)

RE GD.

ဝမ်းဗိုက်ဟွပ်နဲ့ အပြီးမရအောင်ဆိုးနေတဲ့ချောင်း ကွမ်းရှက်ပုံ ဆေးကောင်း

ကွမ်းရှက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများတွင်မျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ ဝိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ဝန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD

နူးနာ၊ ဒါးနာ၊ ကျိုးပေါင်းရောဂါ၊ ထုံကျဉ်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ။ ဝမုန်းရှင် လေငန်းလိမ်းဆေးရည်